# တမန်တော်ဝတ္ထု

သင်ခန်းစာ နှစ်

ဖွဲ့စည်းမှု နှင့် ပါဝင် အကြောင်းအရာ

Manuscript

thirdmill

Biblical Education. For the World. For Free.

တတိယ ထောင်စုနှစ် အမှုတော်များ၊ ၂၀၁၂

မူပိုင်ခွင့် အားလုံးကန့်သတ်ထားပြီးဖြစ်သည်။ ဤစာအုပ်၏ မည်သည့် အပိုင်းကဏ္ဍကို မဆို ပညာနှင့် အရည်အသွေး သို့မဟုတ် ပြန်လည် ဆန်းစစ်ခြင်း သို့မဟုတ် ထင်မြင် သုံးသပ်ချက်ပေးခြင်း ရည်ရွယ်ချက်များအတွက် အတိုချုံး ကိုးကားမှု ပြုသည်များမှ လွဲ၍ ထုတ်ဝေသူ တတိယထောင်စုနှစ် အမှုတော်များ အင်ကော်ပိုရိတ်တက် 316 Live Oaks Blvd., Casselberry, Florida 32707 ၏ စာဖြင့် ရေးသား ခွင့်ပြုထားချက် မပါရှိဘဲ မည်သည့် ပုံစံ၊ မည်သည့် နည်းလမ်းဖြင့် ဖြစ်စေ အမြတ်အစွန်း ရရန် အလို့ငှာ ကူးယူ၊ ပွားများခြင်း မပြုရပါ။

တစ်နည်းနည်းနှင့် မပြထားလျှင် ကျမ်းအကိုးအကား အားလုံးသည် Good News Publishers ၏ အမှုတော်တစ်ခုဖြစ်သော Crossway ၏ 2001 ခုနှစ် ထုတ် ESV (English Standard Bible) သမ္မာကျမ်းစာမှ ဖြစ်ပါသည်။ ခွင့်ပြုချက်ဖြင့် အသုံးပြုထားပါသည်။ မူပိုင်ခွင့် အားလုံး ကန့်သတ်ထားပြီး ဖြစ်ပါသည်။

## သာ့ဒ်မစ်လ် အကြောင်း

၁၉၉၇ ခုနှစ်တွင် တည်ထောင်ခဲ့သော သာ့ဒ်မစ်လ် သည်အမြတ်အစွန်းကို အဓိက မထားသော ဧဝံဂေလိ ခရစ်ယာန် အမှုတော် တစ်ခု ဖြစ်ပါသည်။ သာ့ဒ်မစ်လ်က ပေးအပ်ရန် ရည်စူးထားသည်မှာ-

ကမ္ဘာကြီးအတွက် အခမဲ့ သမ္မာကျမ်းစာ ပညာရေး

ကျွန်ုပ်တို့၏ ပန်းတိုင်မှာ ကမ္ဘာတလွှားရှိ အမှုတော်အတွက် လုံလောက်သော လေ့ကျင့်ရည် ချို့တဲ့ ကင်းမဲ့သည့် သင်းအုပ်နှင့် ခရစ်ယာန် ခေါင်းဆောင် ထောင်ပေါင်း များစွာအား အခမဲ့ ခရစ်ယာန် ပညာရေးကို ပေးကမ်းရန် ဖြစ်ပါသည်။ ပြိုင်ဖက်ကင်းသော မီဒီယာစုံသင် စာသင်တိုက် သင်ရိုးကို အင်္ဂလိပ်၊ အာရဘစ်၊ တရုတ်၊ ရုရှ နှင့် စပိန် ဘာသာစကားများဖြင့် ထုတ်လုပ်ပြီး ကမ္ဘာ အနှံ့ ဖြန့်ဝေခြင်းအားဖြင့် ဤပန်းတိုင်ကို ကျွန်ုပ်တို့ ဖြည့်ဆည်းနေပါသည်။ ကျွန်ုပ်တို့၏ သင်ရိုးကို ကျွန်ုပ်တို့၏ မိတ်ဖက် အမှုတော်များအားဖြင့် အခြားသော ဘာသာစကား တစ်ဒါဇင်ကျော်သို့ ပြန်ဆိုလျက် ရှိပါသည်။ သင်ရိုးတွင် ရုပ်ပုံများက ထိန်းကျောင်းသော ဗီဒီယိုများ၊ ပုံနှိပ်ထားသော ညွှန်ကြားချက်များ နှင့် အင်တာနက် အရင်းအမြစ်များ ပါဝင်ပါသည်။ ၎င်းကို ကျောင်းများ၊ အုပ်စုများ၊ တစ်ဦးချင်း ပုဂ္ဂိုလ်များ၊ အွန်လိုင်းတွင်သာမက သင်ယူလေ့လာသော လူ့အဖွဲ့အစည်းများတွင်ပါ အသုံးပြုနိုင်အောင် ပုံစံဆွဲထားပါသည်။

နှစ်ပေါင်းများစွာအတွင်း အကောင်းဆုံး ပါဝင် ပစ္စည်းနှင့် အရည်အသွေး ရှိသော ဆုရ မီဒီယာစုံသင် သင်ခန်းစာများကို အလွန်ပင် တွက်ချေကိုက်စွာ ပြုစုထုတ်လုပ်ပေးသည့် နည်းစနစ်တစ်ခုကို ကျွန်ုပ်တို့ တိုးတက်ဖွံ့ဖြိုးလာစေခဲ့ပြီး ဖြစ်ပါသည်။ ကျွန်ုပ်တို့၏ စာရေးသူများနှင့် အယ်ဒီတာများသည် ဓမ္မပညာပိုင်းဆိုင်ရာ လေ့ကျင့်မှု ရှိထားပြီးသော ပညာပေးသူများ ဖြစ်ပါသည်။ ကျွန်ုပ်တို့၏ ဘာသာပြန်ဆိုသူများသည်လည်း သူတို့၏ ဦးတည် ဘာသာစကားများ၌ ဓမ္မပညာပိုင်းဆိုင်ရာ ကျွမ်းကျင်

လိမ္မာသော ဒေသစကားပြောသူများ ဖြစ်ကြပါသည်။ ကျွန်ုပ်တို့၏ သင်ခန်းစာများတွင်လည်း ကမ္ဘာတလွှားမှ ထောင်ပေါင်းများစွာသော ဂုဏ်အသရေ ရှိ စာသင်တိုက် ပါမောက္ခများနှင့် သင်းအုပ်ဆရာများ၏ ထိုးထွင်းအမြင်များ ပါဝင်ပါသည်။ ဖြည့်စွက်ပြောရလျှင် ကျွန်ုပ်တို့၏ ရုပ်ပုံ ဒီဇိုင်နာများ၊ ပန်းချီဆရာများ၊ ထုတ်လုပ်သူများသည် လုံးဝဥဿုံ ခေတ်မီသော ကရိယာများနှင့် နည်းလမ်းများကို သုံး၍ အမြင့်ဆုံး ထုတ်လုပ်မှု ဆိုင်ရာ စံနှုန်းများကို လိုက်နာထားပါသည်။

ကျွန်ုပ်တို့၏ ဖြန့်ချိရေး ဆိုင်ရာ ပန်းတိုင်များကို ပြီးမြောက်ရန် အတွက် သာ့ဒ်မစ်လ် အနေဖြင့် အသင်းတော်များ၊ စာသင်တိုက်များ၊ ကျမ်းစာကျောင်းများ၊ သာသနာပြုများ၊ ခရစ်ယာန် အသံလွှင့်သူများ၊ ဂြိုလ်တု ရုပ်မြင်သံကြား ဝန်ဆောင်မှုပေးသူများ၊ အခြားသော အဖွဲ့အစည်းများနှင့် မဟာဗျူဟာကျသော မိတ်ဖက်ဖြစ်မှုကို အခိုင်အမာ ပြုလုပ်ထားပါသည်။ ဤ ဆက်နွယ်မှုများကြောင့် ဒေသခံခေါင်းဆောင်များ၊ သင်းအုပ်ဆရာများ၊ စာသင်တိုက် စာသင်သားများသို့ ဗီဒီယို သင်ခန်းစာ အမြောက်အမြားကို ဖြန့်ဝေပေးနိုင်ခဲ့ပြီး ဖြစ်ပါသည်။ ကျွန်ုပ်တို့၏ ဝက်ဘ်ဆိုက်များ သည်လည်း ဖြန့်ချိရေး လမ်းကြောင်းများ အဖြစ် အသုံးတည့်နေသလို သင်၏ ကိုယ်ပိုင် လေ့လာသင်ယူ လူ့အဖွဲ့အစည်းကို မည်သို့ စတင်ရမည် ဆိုသည်နှင့် သက်ဆိုင်သည့် သင်ခန်းစာ ပစ္စည်းများ အပါအဝင် ကျွန်ုပ်တို့၏ သင်ခန်းစာများကို ထပ်ဆောင်းဖြည့်ဆည်းပေးရန် အတွက် နောက်ထပ် လိုအပ်သော ပစ္စည်းများကိုလည်း ပေးကမ်းပါသည်။

သာ့ဒ်မစ်လ်ကို အိုင်အာရ်အက်စ်က ကော်ပိုရေးရှင်း 501 C (3) အဖြစ်ဖြင့် အသိအမှတ်ပြုထားပါသည်။ ရက်ရောသည့် အသင်းတော်များ၏ အခွန်လွတ်ငြိမ်းခွင့် ရထားသည့် အလှူငွေများ၊ ဖောင်ဒေးရှင်းများ၊ စီးပွားရေး လုပ်ငန်းများနှင့် တစ်ဦးချင်း ပုဂ္ဂိုလ်များအပေါ်တွင် ကျွန်ုပ်တို့ အမှီပြုပါသည်။ ကျွန်ုပ်တို့၏ အမှုတော် အကြောင်း ပိုမိုသိရှိရန်နှင့် သင်မည်သို့ ပါဝင်နိုင်ကြောင်း လေ့လာရန် ကျေးဇူး ပြု၍ www.thirdmill.org သို့ ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

# မာတိကာ


**နိဒါန်း ........................................................ 1**

**ထိရောက်သော စာစီကုံးဖွဲ့နွဲ့မှု နည်းဗျူဟာ ........................................................ 1**

**ရှင်းပြထားသည့် ရည်ရွယ်ချက် ........................................................ 2**

သမိုင်းမှတ်တမ်း ........................................................ 2

ဝမ်းမြောက်ဖွယ် သတင်းကောင်း ........................................................ 5

**အခွင့်အာဏာပေါ်   အားထားမှီခိုပုံ ........................................................ 7**

ပြောစကားများ ........................................................ 8

ပြုမူလုပ်ဆောင်ချက်များ ........................................................ 12

**ဖွဲ့စည်းမှု ဆိုင်ရာ ........................................................ 13**

အကျဉ်းချုပ် ဖော်ပြချက်များ ........................................................ 14

အသင်းတော် ကြီးပွားမှု ........................................................ 16

**ပါဝင် အကြောင်းအရာ ........................................................ 17**

**ယေရုရှလင်(တမန်တော် ၁း၁-၈း၄) ........................................................ 19**

**ယုဒပြည်နှင့် ရှမာရိပြည် (တမန် ၈း၅-၁၁း၁၈) ........................................................ 21**

**မြေကြီးစွန်း   ဖိနိတ်၊ ကုပရု နှင့် အန္တိအုတ် (၁၁း၁၉-၁၂း၂၅) ........................................................ 22**

**မြေကြီးစွန်း   ကုပရု၊ ပမ်ဖုလိ နှင့် ဂလာတိ(၁၃း၁-၁၅း၃၅) ........................................................ 24**

**မြေကြီးစွန်း   အာရှ၊ မာကေဒေါနိ နှင့် အခါယ(၁၅း၃၆-၂၁း၁၆) ........................................................ 25**

**မြေကြီးစွန်း   ယေရုရှလင်မှသည် ရောမမြို့(၂၁း၁၇-၂၈း၃၁) ........................................................ 26**

**ယနေ့ ကာလ လက်တွေ့အသုံးပြုချက် ........................................................ 28**

**စာပေ စရိုက်လက္ခဏာ ........................................................ 28**

ရွေးချယ်တင်ဆက်ခြင်း ........................................................ 29

အခန်းဆက်ခြင်း ........................................................ 30

သွယ်ဝိုက် ........................................................ 30

**ဆက်ဖြစ်ခြင်း မရှိ၊ ပြီးဆုံးရပ်ဆိုင်းသွားမှုများ ........................................................ 35**

ကွဲပြားခြားနားသော အချိန်ကာလ ........................................................ 35

မတူခြားနားသော အခြေအနေများ ........................................................ 38

**အလျဉ်မပြတ် ဆက်လက်ဖြစ်ပေါ်မှုများ ........................................................ 39**

တူညီသော ဘုရားသခင် ........................................................ 39

တူညီသော ရည်မှန်းချက် ........................................................ 39

တူညီသော သတင်းကောင်း ........................................................ 41





ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

**နိဂုံး ........................................................................................................ 42**



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

# နိဒါန်း

သင်ကြားဆရာတစ်ဦးအဖြစ် ကမ္ဘာအနှံ့ ခရီးသွားရန် တခါတရံ ကျွန်ုပ် အခွင့်အရေး ရပါသည်။ ခရီးမစမီတိုင်း အရေးကြီး အချက် နှစ်ခုကို နားလည်အောင် ကျွန်ုပ် အသေအချာ လုပ်ရပါသည်။ ပထမဦးစွာ ကျွန်ုပ် ဘယ်သွားမလဲ သိရပါမည်။ ဒုတိယအားဖြင့် တနေရာမှ တနေရာ ဘယ်လိုသွားမလဲ သိရပါမည်။ လေယာဉ်စီးမည်လား။ ဘတ်စ်နှင့်လား။ အခြား ပို့ဆောင်ရေး နည်းတစ်ခုခုနှင့်လား။ တမန်တော် ဝတ္ထုကို ကျွန်ုပ်တို့ ဖတ်သည့်အခါတွင်လည်း အလားတူ ဖြစ်ပါသည်။ ဇာတ်ကြောင်း၏ ဦးတည်ရာ၊ ကျွန်ုပ်တို့ကို လမ်းဆုံးတိုင်ပို့ဆောင်ရန် လုကာ အသုံးပြုသော စာပေ ရေးနည်းရေးဟန်တို့ကို သိရခြင်းက အထောက်အကူ ဖြစ်စေပါသည်။

ဤအရာသည် ကျွန်ုပ်တို့၏ တမန်တော် ဝတ္ထု စာစဉ်ထဲက ဒုတိယမြောက် သင်ခန်းစာ ဖြစ်ပါသည်။ ဤစာစဉ်တွင် ယေရှု၏ သာသနာကို ခရီးဆက်ပေးခဲ့သည့် ကနဦးအသင်းတော် သမိုင်းမှတ်တမ်းကို ကျွန်ုပ်တို့ လေ့လာ ဖော်ထုတ်ကြပါမည်။ လုကာ၏ အကြောင်းအရာ ဖွဲ့စည်းမှု ပုံစံများနှင့် သူ သွန်သင်ရန် ရည်ရွယ်သည့် သတင်းစကားကို ကျွန်ုပ်တို့ လေ့လာကြမည်ဖြစ်၍ ဤသင်ခန်းစာအား "ဖွဲ့စည်းမှုနှင့် ပါဝင်အကြောင်းအရာ" ဟု ခေါင်းစဉ် ပေးထားပါသည်။

တမန်တော် ဝတ္ထု ဖွဲ့စည်းမှုနှင့် ပါဝင်အကြောင်းအရာတို့ကို အပိုင်းသုံးပိုင်း ခွဲကာ လေ့လာကြပါမည်။ ပထမအားဖြင့် စာစောင်၌ ထိရောက်သော စာစီကုံးဖွဲ့နွဲ့မှု နည်းဗျူဟာ သုံးထားပုံ၊ လုကာ၏ တမန်တော် ဝတ္ထုရေးဟန်က ကျွန်ုပ်တို့ အနက်ဖွင့်နည်းအပေါ် သြဇာလွှမ်းပုံတို့ကို လေ့လာကြပါမည်။ ဒုတိယအားဖြင့် စာစောင်၏ ပါဝင်အကြောင်းအရာကို လေ့လာကြပါမည်။ တတိယအားဖြင့် တမန်တော် ဝတ္ထုကို ယနေ့ကာလ လက်တွေ့အသုံးပြုနိုင်သည့် ပုံစံတစ်ခုကို အကြံပြုကြပါမည်။ တမန်တော် ဝတ္ထု၌ ထိရောက်သော စာစီကုံးဖွဲ့နွဲ့မှု နည်းဗျူဟာ အသုံးပြုထားပုံကို ဦးစွာ ကြည့်ကြပါစို့။

# ထိရောက်သော စာစီကုံးဖွဲ့နွဲ့မှု နည်းဗျူဟာ

သမ္မာကျမ်းစာစောင်တစ်ခုကို ကျွန်ုပ်တို့ ဖတ်တိုင်း စာရေးသူက သူ့အမြင်ရှုထောင့်အား ပရိသတ် လက်ခံချင့်စဖွယ်ဖြစ်အောင် မည်သို့လုပ်ဆောင်သည်ကို အကျွမ်းတဝင် ဖြစ်လာဖို့ အရေးကြီးသည်။ ကျွန်ုပ်တို့ မေးကြရမည့် မေးခွန်းများမှာ အဘယ်ကြောင့် ဤစာကို စာရေးသူ ရေးပါသနည်း။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

သူ့အဆိုကို ထူထောင်ရန် မည်သည့် အခွင့်အာဏာများကို ကိုးကားရမည်နည်း။ လျောက်ပတ်သော နိဂုံးကောက်ချက်များဆီ ပရိသတ်ကို ခေါ်လာရန် သူ့စာစောင်ကို မည်သို့ ဒီဇိုင်းထုတ်ထားပါသနည်း။ အဆိုပါမေးခွန်းများ၏ အဖြေတို့က ထိုးထွင်းအမြင်များစွာ ပေးရကား ယင်းတို့ကို ကျွန်ုပ်တို့ ဘယ်တော့မျှ မပစ်ပယ်သင့်ပါ။

တမန်တော် ဝတ္ထုကို ကျွန်ုပ်တို့ လေ့လာရာ၌ လုကာ ထိထိရောက်ရောက် အသုံးပြုထားသည့် စာစီကုံးဖွဲ့နွဲ့မှု နည်းဗျူဟာ၏ ရှုထောင့် သုံးရပ်အပေါ် စူးစိုက်ကြပါမည်။ ပထမအားဖြင့် သူ ရှင်းပြထားသည့် ရည်ရွယ်ချက်ကို ပြောပါမည်။ ဒုတိယအားဖြင့် အခွင့်အာဏာအပေါ် သူ အားထားမှီခိုပုံကို ဖော်ပြပါမည်။ ထို့နောက် တတိယအားဖြင့် စာစောင်တလျှောက် သူသုံးထားသည့် ဖွဲ့စည်းမှု ပုံစံအချို့ကို ပြောပါမည်။ တမန်တော် ဝတ္ထုရေးရခြင်းအတွက် ရှင်လုကာ ရှင်းပြထားသည့် ရည်ရွယ်ချက်ကို ဆန်းစစ်မှုနှင့် အစပြုကြပါစို့။

# ရှင်းပြထားသည့် ရည်ရွယ်ချက်

ထူးခြားအရေးပါလောက်အောင် ရှည်လျားပြီး ရှုပ်ထွေးနက်နဲမှု ရှိသော စာမျိုး ရေးကြသူများ၌ ရည်မှန်းချက်၊ ရည်ရွယ်ချက်များစွာ ရှိတတ်ကြသည်။ လုကာ ခရစ်ဝင်ကျမ်းနှင့်တမန်တော် နှစ်စောင်တွဲ စာအုပ်ကို ရှင်လုကာ ရေးစဉ်က သူ့ပရိသတ်အပေါ်   ပုံစံအမျိုးမျိုးနှင့် သူ့စာက ရိုက်ခတ်လိမ့်မည် ဆိုသည်ကို သူ သေချာပေါက် မျှော်လင့်ခဲ့သည်။ ထို့ကြောင့် သူ့ရည်ရွယ်ချက်တို့ကို မည်ကာမတ္တ သဘောမထားမိဖို့ ဂရုစိုက်ကြရပါမည်။   သို့တစေ သူ့စာစောင်ကို ရည်ရွယ်ချက်နှင့် ရေးခဲ့ကြောင်း လုကာ ရှင်းရှင်း ပြဆိုခဲ့သည်။

ရှင်လုကာရှင်းပြသည့် ရည်ရွယ်ချက်မှာ နှစ်ထပ်ကွမ်း ဖြစ်သည်။ တဖက်တွင် မှန်ကန်ပြီး စိတ်ချယုံကြည်ရသော ပထမရာစု အသင်းတော် သမိုင်းကို ရေးဖို့ သူ့ဆန္ဒ ရှိသည်။ အခြားတဖက်တွင်မူ ဝမ်းမြောက်ဖွယ်သတင်းကောင်း၏ သမ္မာ မှန်ကန်မှု၊ လေးနက်အရေးပါမှုတို့ အကြောင်း ဆင့်ဆိုရန်နှင့် အတည်ပြုရန် သူ ဆန္ဒ ရှိသည်။ သမိုင်းမှတ်တမ်းမှန် တစ်ခုကို ရေးဖို့ လုကာ ရည်ရွယ်မှုနှင့် အစပြုကြပါစို့။

## သမိုင်းမှတ်တမ်း

လုကာ ၁း၁-၃ ပါ ရှင်လုကာ စကားချီးတွင် လုကာက

> ရှေးဦးစွာမှစ၍ ကိုယ်တိုင်မြင်သော သက်သေဖြစ်လျက် နှုတ်ကပတ်တော်မှုကို ဆောင်ရွက်သောသူတို့သည် ငါတို့တွင် ထင်ရှားစွာ ဖြစ်လေပြီးသော အထ္ထုပ္ပတ္တိများကို ငါတို့အား ကြားပြောသည် အစဉ်အတိုင်း မှတ်သားသောစာကို စီရင်ရေးသားထားသောသူအများ ရှိကြသည်ဖြစ်၍ ငါသည်လည်း ထိုအထ္ထုပ္ပတ္တိအလုံးစုံတို့ကို ရှေးဦးစွာမှစ၍



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

> ဖွေရှာလိုက်စစ်ပြီးလျှင် ....အစဉ်အတိုင်းရေးထား၍ ကြားလိုက်မည် အကြံရှိပါ၏ ဟု ဆိုခဲ့သည်။

ဤကျမ်းချက်များထဲတွင် သမိုင်းမှန်တစ်ခုကို ရေးဖို့ လုကာ အာရုံရှိနေကြောင်း အနေအထား အမျိုးမျိုးနှင့် ပေါ်လွင်နေသည်။ ပထမအားဖြင့် "ငါတို့တွင် ထင်ရှားစွာ ဖြစ်လေပြီးသော အတ္တုပ္ပတ္တိများ" ဟူ၍ သူ ရည်ညွှန်းထားသဖြင့် ၎င်းတို့သည် ဖြစ်ပျက်ခဲ့ပြီးသော သမိုင်းမှန် အဖြစ်အပျက်များကို ဆိုလိုသည်။ မျက်မြင်ကိုယ်တွေ့ကြုံသူများကို သူမေးမြန်းခဲ့ကြောင်း၊ သူ မှတ်တမ်းတင်ထားသည့် အသေးစိတ် အချက်အလက်များကို "အသေအချာ ဖွေရှာလိုက်စစ်မှု" ဟု ဆိုသည်အထိ အနီးကပ် လေ့လာမှုမျိုး လုပ်ခဲ့ကြောင်း သူဖော်ပြခဲ့သည်။ ရှေ့နောက် အစီအစဉ်ကျစွာ ရေးသားခြင်းဖြင့် သမ္မာတရားကို ရှင်းရှင်းလင်းလင်းနှင့် တိတိကျကျ ဆက်သွယ်ပေးပို့နိုင်ဖို့ လည်း သူ ဂရုစိုက်ခဲ့သည်။

> သူ့ ခရစ်ဝင်ကျမ်းကို ပြုစုရာမှာ မျက်မြင်ကိုယ်တွေ့သမားတို့ကို လုကာ မေးမြန်းခဲ့သည်ဖြစ်၍ တမန်တော် ဝတ္ထုမှာလည်း အလားတူဖြစ်မည်ဟု ကျွန်ုပ် ထင်ပါသည်။ ယေရှု၏ မယ်တော် မာရိလို၊ ပြီးလျှင် တမန်တော်များလို ပုဂ္ဂိုလ်များနှင့် လုကာ ပြောဆိုမေးမြန်းခဲ့မည်ဟု ကျွန်ုပ်ထင်ပါသည်။ ဘာတွေ ဖြစ်ခဲ့ကြောင်း လုကာထံ သူတို့ တိတိကျကျ ပြောပြပေးခဲ့ပါသည်။ သူတို့သည် ကိုယ်တိုင် ပါဝင်ခဲ့သော အဖြစ်အပျက်တို့၏ ကိုယ်စားပင် ဖြစ်ကြသည်။ သို့သော် လူတစ်ဦး တစ်ယောက်တည်းနှင့် သူ မစိစစ်ခဲ့ပါ။ အခန်းကြီး တစ်ထဲ သူပြောသလို အရာရာကို အသေအချာ သူ ဖွေရှာစိစစ်ခဲ့ကြောင်း ကျွန်ုပ်တို့မှာ အထောက်အထား ခိုင်ခိုင်မာမာရှိပါသည်။ အံ့သြဖွယ်ကောင်းလောက်သည့် တိကျမှု သူ့မှာရှိကြောင်း ထပ်ကာ ထပ်ကာ တွေ့ရသည်။ ဟုတ်ပါသည်။ အသင်းတော်ကို တည်ဆောက်ရန် ရှင်လုကာ ခရစ်ဝင်ကို ရေးခဲ့သည်။ ၎င်း၌ တိကျသည့် ခြုံငုံမြင်ကွင်း၊ တိကျသည့် အမြင်ရှုထောင့်တို့ ပါရှိနေကြသည်။ ရှင်လုကာသည် ကြားနေ သမိုင်းဆရာ တစ်ဦးတော့ မဟုတ်ခဲ့ပါ။ သို့သော် သမိုင်းဆရာ မှန်လျှင် ဘက်လိုက်မှုကင်းသည့် ကြားနေ ရှုထောင့်မှ ရေးရန်လည်း မဖြစ်နိုင်ပါ။ ခြုံငုံ မြင်ကွင်းတစ်ခုတော့ အမြဲတစေ ရှိနေသည်သာ ဖြစ်သည်။ ထိုသို့သော ခြုံငုံမြင်ကွင်းတစ်ခု ရှိခြင်း၊ ဓမ္မပညာပိုင်းဆိုင်ရာ လုပ်ငန်းစဉ်တစ်ခု ရှင်လုကာထံမှာ အသေအချာရှိခြင်းတို့က သမိုင်း အချက်အလက်များ တိကျမှန်ကန်ရန် လိုအပ်ချက်ကို မပိတ်ပင်ပါ။ သို့ဖြစ်၍ သမိုင်းကြောင်းအရ ယုံကြည်စိတ်ချထိုက်ပြီး တချိန်တည်းတွင် ဓမ္မပညာအရလည်း အားပေးတည်ဆောက်နိုင်စွမ်းသော ဘုရား မှုတ်သွင်းထားသည့် မှတ်တမ်းတစ်ခု ကျွန်ုပ်တို့မှာ ရှိနေပြီ ဖြစ်ပါသည်။

**Dr. Thomas R. Schreiner**

ရှင်လုကာ ခရစ်ဝင်၌ ယေရှုသက်တော်စဉ်နှင့် စပြီး တမန်တော် ဝတ္ထု၌ ပထမရာစုနှစ် အသင်းတော်နှင့် ခရီးဆက်သော သမိုင်းစစ် သမိုင်းမှန်တစ်ခုကို ပေးအပ်မည့် နှစ်စောင်တွဲ စာအုပ်မျိုးကို လုကာ ရည်ရွယ်ခဲ့သည်။ သမ္မာကျမ်း တလျှောက် အထပ်ထပ် ဖော်ပြထားသည့် အခြေခံ စည်းမျဉ်းတစ်ခုကို သူနားလည်သဖြင့်လည်း သမိုင်းမှန်ကို မှတ်တမ်းတင်ရန် လုကာ အာရုံစိုက်ခဲ့သည်။ တကယ့်သမိုင်းကြောင်း အချိန်ကာလနှင့် နေရာထိုင်ခင်း အတွင်း ဘုရားသခင်သည် မိမိကိုယ်မိမိ ဖော်ပြသည်။ ကယ်တင်ခြင်း နှင့် တရားစီရင်ခြင်း ဖြစ်ပေါ်စေဖို့ သမိုင်းတလျှောက် သူ လုပ်ဆောင်သည်။

အကြောင်းမလှစွာပင် ပြီးခဲ့သည့် ရာစုနှစ်များအတွင်း ဝေဖန်သုံးသပ်ရေး ပညာရှင်များစွာက ဘုရားသခင့် ကယ်တင်ခြင်းနှင့် တရားစီရင်ခြင်း သမိုင်းသည် အစစ်အမှန် မဟုတ်ဟု ဆိုလာကြသည်။ ယေဘုယျဆိုပါလျှင် တကယ့် အချိန်ကာလနှင့် နေရာ ထိုင်ခင်းအတွင်း ဘုရားသခင့် အံ့ဖွယ်သဘာဝလွန် ပြုမူချက်တို့ ဖြစ်ပျက်ခြင်း မရှိကြောင်း သူတို့ အခိုင်အမာ ဆိုလာကြသည်။ တကယ့်သမိုင်းသည် သဘာဝဓမ္မ သက်သက်သာ ဖြစ်ပြီး သဘာဝလွန် မဟုတ်ကြောင်း သူတို့ ယုံကြည်ကြသည်။ ရလာဒ်အားဖြင့် ကျမ်းစာထဲက ဘုရားသခင်၏ သဘာဝလွန် အပြုအမူတို့ အကြောင်း ဝေဖန် သုံးသပ်ရေး ဓမ္မပညာရှင်တို့ ဖတ်သည့်အခါတိုင်း ထိုအကြောင်းအရာတို့အား သမိုင်းမှန် အချက်အလက်များ မဟုတ်သော ဘာသာ အယူဝါဒဆိုင်ရာ ခံစားချက်များ (ဝါ) "ဘာသာရေး အသွင်ဆောင် စိတ်ကူးယဉ်ဇာတ်လမ်း" အနေနှင့် သဘောထားမြဲ ဖြစ်သည်။ သို့သော် အဆိုပါ ဘာသာရေးအသွင်ဆောင် စိတ်ကူးယဉ် ဇာတ်လမ်းတစ်ခု ရေးဖို့ မကြိုးစားထားကြောင်း လုကာ ကိုယ်၌က ရှင်းရှင်း ပြထားသည်။ တကယ့် သမိုင်းကို အစီရင်ခံဖို့ သူရည်ရွယ်ခဲ့သည်။ အမှန်စင်စစ် သူ့တင်ပြချက်များ မှားလျှင် မှားကြောင်း၊ မှန်လျှင်မှန်ကြောင်း သက်သေထူလွယ်သည့်ပုံစံဖြင့် သူရေးခဲ့ခြင်း ဖြစ်သည်။

သာဓကအားဖြင့် အများသိသော သမိုင်း အဆက်အစပ်အတွင်းမှာ သူ့ အကြောင်းအရာတို့ကို လုကာ ထားရှိသည်။ တမန်တော် ဝတ္ထုအတွင်း ဂါမလျေလ (၅း၃၄)၊ ဂါလျုန် (၁၈း၁၂)၊ ဖေလဒ် (၂၃း၂၆)၊ ဖေတ္တု (၂၄း၂၇) တို့လို လူများထံ ရည်ညွှန်းချက်များကိုလည်း ကျွန်ုပ်တို့တွေ့ရသည်။ အဆိုပါလူ အားလုံးသည် ရှေး ယုဒနှင့် ရောမ လူ့ဘောင်တွင် ကျော်စော ကိတ္တိရှိသူများ ဖြစ်ကြသည်။ သူတို့ကို အမည်တပ်ဖော်ပြခြင်းနှင့် အခြားသော အသေးစိတ်သမိုင်း အချက်အလက်များကို ပေးခြင်းက သူ၏ စိစစ်ဖွေရှာလိုက်စစ်မှုတို့ မှန်မမှန်ကို သူ့ပရိသတ်တို့အား လွတ်လွတ်လပ်လပ် ဆန်းစစ်နိုင်စေမည် ဖြစ်သည်။ သူ အစီရင်ခံထားသော လူတို့နှင့် အဖြစ်အပျက်များ အကြောင်း ကျွမ်းဝင်သိရှိသူတို့ကို သူတို့ ပြောဆို မေးမြန်းနိုင်ကြသည်။ အချို့ကိစ္စများ၌ တူညီသော အဖြစ်အပျက်များအကြောင်း အခြားသူများ ရေးထားသည်တို့ကို သူတို့ ဖတ်ကြည့်နိုင်ကြသည်။ လုကာ၏ အစီရင်ခံချက်တို့ သမိုင်းမှန် မဟုတ်ခဲ့ပါက မယုံကြည်သူတို့ အလွယ်တကူ ငြင်းဆိုချေပလွယ်ခဲ့မည်သာ ဖြစ်သည်။

အထူးသဖြင့် ၁၉ ရာစု နှောင်းပိုင်းကတည်းက တမန်တော် ဝတ္ထု သမိုင်းမှန် ဟုတ်မဟုတ် ဆိုသည်ကို ကျမ်းပြင်ပ ရေးသားချက်များ၊ ရှေးဟောင်း သုတေသန တူးဖော်တွေ့ရှိမှု အချက်အလက်များနှင့် ပညာရှင်များ တိုက်ဆိုင်ဆန်းစစ်ခဲ့ကြပြီး ဖြစ်သည်။ လုကာသည် စိတ်ချရသော သမိုင်းဆရာ ဖြစ်ကြောင်း အဆိုပါ လေ့လာမှု အများအပြားက အနေအထား အမျိုးမျိုးဖြင့်



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ပြည့်ခွန်ခဲ့ကြပြီးလည်း ဖြစ်ကြသည်။ သို့သော် အချိန်ကို ထောက်သောအားဖြင့် တိကျသော သာဓက နှစ်ခုမျှကိုသာ ဖော်ပြပါမည်။

ပထမအားဖြင့် တမန်တော် ၂၇း၂၁-၂၆ အတွင်း သမိုင်း သုတေသနပြုချက်က အတည်ပြု ထားပြီးဖြစ်သည့် နည်းအတိုင်း သင်္ဘောပေါ် ပေါလု ပြုမူခဲ့ပုံများကို ရှင်လုကာ ဖော်ပြခဲ့သည်။ မိမိကို ရောမသို့ သယ်ဆောင်နေသော သင်္ဘောမှ အဖွဲ့သား အားလုံးကို မုန်တိုင်းကျစဉ်အတွင်း ပေါလု အကြံပြုစကား၊ အားပေးစကား ပြောသည့် အကြောင်း လုကာရေးခဲ့သည်။ ဤပုံစံ အနေအထားမှာ ရှိနေသည့် အကျဉ်းသားတစ်ယောက်က ဤသို့ ပွင့်လင်းစွာ ပြောဆိုရန်မှာ ဖြစ်နိုင်ခြေမရှိဟု ရှေးယခင် ဝေဖန်သုံးသပ်ရေး ပညာရှင်တို့က ကန့်ကွက်ခဲ့ကြသည်။ ဤအကြောင်းကြောင့် တမန်တော်၏ ပုံရိပ်ကို သူရဲကောင်းဆန်အောင် လုကာက စိတ်ကူးဇာတ်လမ်း ဖန်တီးခဲ့ကြောင်း သူတို့ ကောက်ချက် ချခဲ့ကြသည်။ သို့သော် များမကြာမီက သုတေသနအရ သင်္ဘောများ စိုးရိမ်ဖွယ် အန္တရာယ်ကျနေချိန်တွင် သင်္ဘောပေါ်ပါသူ မည်သူမဆို စကားပြောခွင့်၊ အကြံပေးခွင့်အား ပထမရာစုနှစ် ရေကြောင်း သွားလာရေး ဥပဒေက ခွင့်ပြုထားကြောင်း ရှာဖွေတွေ့ရှိရသည်။

ဒုတိယအားဖြင့် တမန် ၂၈း၇ တွင် တိကျသော သမိုင်းဆိုင်ရာ ဝေါဟာရ အသုံးအနှုန်းနှင့် သိက္ခမ်းရင်းနှီးထားကြောင်း ရှင်လုကာ ပြခဲ့သည်။ ဤကျမ်းချက်ထဲတွင် မေလိတေ ကျွန်းသူကြီး အား "ကျွန်း၏ ပထမဆုံးသူ" သို့မဟုတ် ဂရိလို *tō prōtō tēs nēsou* (*τῷ πρώτῳ τῆς νήσου*) ဟု သူရည်ညွှန်းခဲ့သည်။ ထူးခြားသော ဤဝေါဟာရသည် ရာစုနှစ်များတလျှောက် အနက်ဖွင့်သူတို့ကို ရှုပ်ထွေးစေခဲ့သည်။ သို့သော် မကြာမီက ရှေးဟောင်းသုတေသန တူးဖော်ရှာဖွေမှုများအရ ဤဝေါဟာရသည် ထိုအချိန်က ဦးဆောင်ဦးရွက်ပြုသူအတွက် အမှန်တကယ် တရားဝင် သတ်မှတ်ထားသည့် အမည်ကမ္ပတ် ဖြစ်ကြောင်း တွေ့ရသည်။

အဆိုပါ သာဓကတို့က သမိုင်းမှန်အချက်များအပေါ် ရှင်လုကာ သစ္စာရှိကြောင်း ထင်ရှားပြသသည်။ အစစ်အမှန် သမိုင်းဝင် အဖြစ်အပျက်များကို ရေးပြလိုသည့် သူ့ရည်ရွယ်ချက်က ဘုရားသခင့် ထာဝရ သမ္မာတရားဟူသည် ဘဝ၏ ပကတိအမှန်တရားများနှင့် မည်သို့မျှ ကင်းကွာနေမှု မရှိကြောင်း ကျွန်ုပ်တို့ကို သတိပေးခြင်းလည်း ဖြစ်သည်။ ထိုအစား သမ္မာကျမ်းလာ ယုံကြည်ခြင်းအရ သမိုင်းမှန်အတွင်း သမိုင်းမှန် အဖြစ်အပျက်များအားဖြင့်သာ ကယ်တင်ခြင်း ဖြစ်ပေါ်ရသည်။ ဤအကြောင်းကြောင့် သမိုင်းမှန် အဖြစ်အပျက်ကို ရေးပြနိုင်ဖို့ လုကာ အလွန်အမင်း အာရုံထားနေရခြင်းပင် ဖြစ်သည်။

လုကာရေးသော သမိုင်းအဖြစ်အပျက်များ စိတ်ချရကြောင်း ဝန်ခံမှုနှင့်အတူ လုကာ ရှင်းပြထားသော ရည်ရွယ်ချက်၏ ဒုတိယ ရှုထောင့်ဖြစ်သည့် တမန်တော် ဝတ္ထုအတွင်း ဝမ်းမြောက်ဖွယ်သတင်းစကား စစ်မှန်မှုနှင့် တန်ခိုးအကြောင်း ဆင့်ဆို ဟောပြောမှုကို ကျွန်ုပ်တို့ ဖော်ပြပါမည်။

## ဝမ်းမြောက်ဖွယ် သတင်းကောင်း

လုကာ ၁း၃-၄ ကို နားထောင်ကြည့်ပါ။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ငါသည်လည်း ထိုအထ္ထုပ္ပတ္တိအလုံးစုံတို့ကို ရှေးဦးစွာမှစ၍
ဖွေရှာလိုက်စစ်ပြီးလျှင် ....အစဉ်အတိုင်းရေးထား၍ ကြားလိုက်မည် အကြံရှိပါ၏
ဟု ဆိုခဲ့သည် (လုကာ ၁း၁-၃)။

ဤနေရာတွင် ကျွန်ုပ်တို့ တွေ့နိုင်သလို သူ့ပင်တိုင်စာဖတ်သူ သော်ဖိလု နှင့် အခြားသူတို့ ခံယူထားပြီးသည့် အရာများ မှန်ကန်ကြောင်း အတည်ပြုရန် တမန်တော် ဝတ္ထု သမိုင်းကြောင်းကို လုကာရေးခဲ့သည်။ သီးသန့် အမြင်ရှုထောင့်များနှင့် သီးသန့် ဓမ္မပညာ ခံယူချက်တို့ကို သော်ဖိလုနှင့် အခြားပရိသတ်တို့ လက်ခံပေးဖို့ လုကာဆန္ဒ ရှိခဲ့သည်။ သူ အစီရင်ခံထားသော အဖြစ်အပျက်တို့၏ ဓမ္မပညာပိုင်းဆိုင်ရာ လေးနက်အရေးပါမှုများကို အခြေခံပြီး သီးသန့် ရှုမြင်ချက်များကို သူတို့ တည်ဆောက်ယူကြလိမ့်မည်ဟု သူမျှော်လင့်ခဲ့သည်။

ယုဒ ခရစ်ယာန်များကို တရားဇရပ်အဖွဲ့အစည်းထဲမှ နှင်ထုတ်နေချိန်၊ တပါးအမျိုးသား အများအပြား ခရစ်ယာန် ယုံကြည်ခြင်းသို့ ပြောင်းလဲလာချိန်တွင် လုကာ ရေးသားခဲ့သည်။ စစ်မှန်သော အသင်းတော်တွင် ယုဒနှင့် တပါးအမျိုး၊ နှစ်သင်းလုံး ပါဝင်ကြောင်း၊ ယေရှုသည် သူတို့အားလုံး၏ ထမြောက်သော ကယ်တင်ရှင် စစ်မှန်ကြောင်း သော်ဖိလု စိတ်ချမှုရှိရန် သူ ရေးခဲ့သည်။ သူတို့ဘဝ မည်သို့ ပင်နားမလည်နိုင်ဖွယ် ခက်ခဲရှုပ်ထွေးလာပါစေ၊ ယေရှုသည် သူ့ အသင်းတော်အား အမှန်ပင် တည်ဆောက်၊ ခွန်အားပေးနေကြောင်း သူတို့ စိတ်ချမှု ရှိစေလိုခဲ့သည်။

ပြီးခဲ့သည့် သင်ခန်းစာထဲ ကျွန်ုပ်တို့ တွေ့ခဲ့သလိုပင် ခရစ်တော်၏ အရှင်သခင်ဖြစ်မှုနှင့် နိုင်ငံတော် ထူထောင်မှု ရှုထောင့်မှနေ၍ လောကနှင့် သမိုင်းကြောင်းတစ်ခုလုံးကို လုကာ ရှုမြင်သည်။ ဓမ္မဟောင်း မျှော်လင့်ချက်များနှင့် ကတိတော်များသည် ယေရှုနှင့် အသင်းတော်အားဖြင့် ပြည့်စုံစပြုနေပြီ ဖြစ်ကြောင်း သူတွေ့မြင်သည်။ သူတင်ပြသော ကနဦး အသင်းတော် အကြောင်းကို အလားတူ ရှုထောင့်မှ သော်ဖိလု မြင်ဖို့ သူဆန္ဒ ရှိခဲ့သည်။ ဓမ္မဟောင်း ပရောဖက်ပြု သမိုင်းများ ဆက်လက်ဖြစ်ပေါ်ကြောင်းနှင့် ပြီးပြည့်စုံကြောင်း အကြံပြုရာရောက်သည့် ပုံစံဖြင့် သူ့စာစောင်များကို ထိုသမိုင်းများနှင့်အညီ ပုံဖော်ထားသည်။

ဘုရားသခင့် ဝိညာဉ်တော်အားဖြင့် ခရစ်တော်သည် ဘုရားသခင့် နိုင်ငံတော်ကို တည်ထောင်ခဲ့ပြီးကြောင်းနှင့် ဆက်လက်တည်ဆောက်နေကြောင်း သော်ဖိလုကို ရှင်လုကာ သိစေလိုခဲ့သည်။ ထို့ပြင် လူအားလုံး ပါဝင်လာဖို့ အသင်းတော်ကို ကိုယ်တော် တိုးချဲ့ဖြန့်ကျက်လျက် ရှိနေသည်။ ထို့ကြောင့် ယနေ့ တမန်တော် ဝတ္ထုကို ကျွန်ုပ်တို့ ဖတ်သည့်အခါ ရှေးက ဘာဖြစ်ခဲ့ကြောင်း ကျွန်ုပ်တို့ကို အသိပေးရန် အချက်အလက်မှန်များကို မှတ်တမ်းတင်နေရုံ မည်ကာမတ္တ မဟုတ်ပါ။ ထိုအစား သန့်ရှင်းသော ဝိညာဉ်တော်အားဖြင့် ခရစ်တော် ဆက်လုပ်နေသော အမှုတော်၏ မှီခို အားကိုးထိုက်သည့် သက်သေခံ အသင်းတော်အတွက် အုတ်မြစ်ချပေးသည့် သွန်သင်ချက်များဆီ အာရုံ စိုက်နေစေခြင်း ဖြစ်သည်။

တမန်တော် ဝတ္ထုကို ကနဦးအသင်းတော် သမိုင်းအဖြစ်ဖြင့် ရေးခဲ့သည်။
ဤသမိုင်းသည် ကနဦးအသင်းတော် အစပြုခြင်းနှင့် ကြီးထွားဖြစ်ပေါ်ခြင်းတို့ကို



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ရှင်းပြသည်။ ဟုတ်ပါသည်။ ၎င်းသည် သမိုင်းစာအုပ်တစ်ခုမျှသာ မဟုတ်ပါ။ ဓမ္မကျမ်း တစ်ဆူလည်း ဖြစ်ပါသည်။ တဖက်တွင် ကျွန်ုပ်တို့မှာ အသင်းတော် ရှိပါသည်။ စာစောင်၏ သတင်းစကားသည် အသင်းတော်လုပ်ငန်း မည်သို့ သန္ဓေတည် ဖွားမြင်ကြောင်းနှင့် ကြီးထွားရှင်သန်ကြောင်း၊ အခြားတဖက်တွင်လည်း အသင်းတော်အားဖြင့်၊ ပင်တေကုတ္တေနေ့တွင် ဆင်းသက်ခဲ့သော သန့်ရှင်းဝိညာဉ်တော်၏ သဘာဝလွန် အမှုတော်အားဖြင့် ဤလောကထဲ ဘုရားသခင် မည်သို့ အမှုဆောင်ကြောင်း ကျွန်ုပ်တို့ သိလွယ်စေဖို့ ဖြစ်သည်။ ထပ်၍ ဆိုရလျှင် ဤစာအုပ်သည် သက်သေခံချက် ကျမ်းတစ်ဆူ၊ ယေရှုခရစ်ကို သက်သေခံသော သက်သေခံချက်တစ်ခုလည်း ဖြစ်သည်။တစ်ဦး တစ်ယောက် နေထိုင်သည့် နေရပ်မှ ဝေးလံခေါင်ဖျားနေရာ၊ ကမ္ဘာမြေကြီး၏ အပြင်ဖက်ဆုံး နယ်နိမိတ်ထိတိုင် တိုးတက်တိုးချဲ့ရမည့် သက်သေခံချက်လည်း ဖြစ်သည်။

**Dr. Daniel Fodorean (translation)**

ရှင်လုကာ၏ ရည်ရွယ်ချက်သည် နှစ်ထပ်ကွမ်း ဖြစ်ကြောင်း သိမှတ်ရင်း အခွင့်အာဏာပေါ် သူ၏ အားထားမှီခိုပုံတည်းဟူသော ထိရောက်သည့် စာစီကုံးဖွဲ့နွဲ့မှုနည်းဗျူဟာ ဒုတိယရှုထောင့်ကို စဉ်းစားကြပါမည်။

## အခွင့်အာဏာပေါ် အားထားမှီခိုပုံ

သူမှတ်တမ်းတင်သော သမိုင်းကြောင်းနှင့် ဓမ္မကြောင်း သမ္မာတရား အချက်အလက်တို့ကို ခိုင်မာစေရာတွင် သူ့အခွင့်အာဏာအရ မဟုတ်ဘဲ ခရစ်တော်နှင့် တမန်တော်တို့၏ အခွင့်အာဏာအရသာ လုပ်ခဲ့သည်။ ဤသို့ဖြင့် သတင်းကောင်း သက်သေခံ အစစ်အမှန် တစ်ဦး အဖြစ် လုကာ အသုံးခံခဲ့သည်။

တမန်တော် ဝတ္ထုအတွင်း သိသာထင်ရှားသောအချက် တစ်ခုမှာ ခရစ်တော်၏ အဓိက သက်သေများအဖြစ် အသုံးခံသူတို့၏ စကားနှင့် အပြုအမူများအကြောင်း ထည့်သွင်းဖော်ပြဖို့ သတ်မှတ်သည့် စာပမာဏ ဖြစ်သည်။ ခရစ်တော် ကောင်းကင်တက်ကြွချိန်တွင် သူ့တမန်တော်တို့အား သက်သေခံများဟု ကင်ပွန်းတပ်ခဲ့ပြီး သူ့ကိုမှီခိုအားထားရင်း နိုင်ငံတော်အမှုတော်ကို ဆက်လုပ်ဖို့ အခွင့်အာဏာ အပ်ပေးခဲ့သည်။ ပရောဖက်များနှင့် အရေးပါသော အခြား အသင်းတော် ခေါင်းဆောင်များအား သူ၏ သတင်းကောင်း ဆင့်ဆိုနိုင်ရေး အတွက်လည်း အခါအားလျော်စွာ အစွမ်းတန်ခိုးပေးခဲ့သည်။ သော်ဖိလုနှင့် အသင်းတော် တစ်ခုလုံး သူ့အမြင်မျိုး ရှိလာအောင် ရှင်လုကာ ရှာကြံဖျောင်းဖျရာ၌ သူ့ကိုယ်ပိုင် ရှုမြင်ချက်များကို ပုံဖော်ရန်နှင့် အခွင့်အာဏာပေးရန် ကနဦး



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

အသင်းတော် ခေါင်းဆောင်များ၊ အထူးသဖြင့် တမန်တော်များနှင့် ပရောဖက်များဆီ သူမကြာခဏ ဦးလှည့်ခဲ့သည်။

> ခရစ်ဝင်ကျမ်းများ အဆုံးရောက်လာချိန်တွင် ယေရှုသည် အခွင့်အာဏာကုန်ကို သုံးလျက် မိမိနောက်လိုက်တို့ထံ အခွင့်အာဏာနှင့် တာဝန် အပ်နှင်း လွှဲပြောင်းပေးသည်။ ဝမ်းမြောက်ဖွယ် သတင်းစကားနှင့် သူတို့ ခရီးဆက်ကြရန် ဖြစ်သည်။ သို့ဖြစ်သောကြောင့် သူ့နောက်လိုက်များ မြေကြီးစွန်းတိုင်အောင် သတင်းကောင်း ဆောင်ယူသွားနိုင်ရေး ယေရှုက သူတို့ထံ အခွင့်အာဏာ မည်သို့ ပေးအပ် ခွင့်ပြုကြောင်းကို ပုံဝတ္ထုများဖြင့်သော်၎င်း၊ ဇာတ်ကြောင်းများ ဖြင့်သော်၎င်း၊ ခရီးစဉ်များဖြင့်သော်၎င်း၊ တပည့်တော်များ အချင်းချင်းကြား အပြန်အလှန် ပြောဆို ဆက်သွယ်မှုများဖြင့်သော်၎င်း သရုပ်ဖော်နည်း ကျနလွန်းစွာဖြင့် လုကာ ထင်ရှားဖော်ပြသည်။
>
> **Prof. Teddy Torres (translation)**

အခွင့်အာဏာပေါ် လုကာ အားထားမှီခိုပုံကို အသေးစိတ် လေ့လာနိုင်ရန် ကိစ္စရပ် နှစ်ခုအပေါ် ကျွန်ုပ်တို့ စူးစိုက်ကြရပါမည်။ ပထမဦးစွာ အခွင့်အာဏာရှိသော ပြောစကားများမှ လုကာ အထောက်အကူ ရယူပုံကို စဉ်းစားကြပါမည်။ ဒုတိယအားဖြင့် အခွင့်အာဏာရှိသော လုပ်ဆောင်ချက်များအား လုကာ ကိုးကားပုံကို ကြည့်ကြပါမည်။ အသင်းတော်အတွင်း အခွင့်အာဏာဆောင်ယူသော ပြောစကားများအပေါ် လုကာ အလေးပေးပုံနှင့် အစပြုကြပါစို့။

## ပြောစကားများ

ရှေ့က သင်ခန်းစာထဲ ကျွန်ုပ်တို့ ဖော်ပြခဲ့သလို လုကာသည် တမန်တော်တစ်ဦး မဟုတ်ခဲ့ပါ။ ခရစ်တော် ကောင်းကင်တက်ကြွပြီးနောက် ယုံကြည်လာသူ ဖြစ်ဖွယ်ရှိသည်။ သူ့ခရီးစဉ်များအတွင်း ပေါလု ပါသည်ဖြစ်စေ၊ မပါသည် ဖြစ်စေ ယေရှုနှင့် တမန်တော်တို့၏ အမှုတော်လုပ်ငန်းများကို စေ့စေ့ ဖွေရှာ လိုက်စစ်ခဲ့ပြီး သခင်ဘုရား ရွေးချယ်ထားသော သက်သေများ၏ သက်သေခံချက်များကို မှတ်တမ်းတင်ခဲ့သည်။

ယခုတွင် ရှုထောင့်တစ်ခုမှ ကြည့်လျှင် ခရစ်တော် နောက်လိုက် ရှိသမျှသည် သူ၏ သက်သေများ ဖြစ်ကြသည်။ သို့သော် အသင်းတော်ကို ထူထောင်နေစဉ်အခါ တမန်တော်များအား သူ၏ မမှားယွင်းနိုင်သော သက်သေများအဖြစ် ယေရှု တာဝန်အပ်နှင်းခဲ့သည်။ ကိုယ်တော် တာဝန်ပေးသောသူတို့မှာ သူတို့သာလျှင် ဖြစ်ပြီး ကိုယ်တော့် မျက်ကွယ် မြေကြီးပေါ်၌ အမြဲတမ်းအခွင့်အာဏာရှိ သက်သေများအဖြစ် အသုံးခံရန် တန်ခိုး အပ်နှင်းခံရသူများ ဖြစ်ကြသည်။ ထိုထက်မက အခါအားလျော်စွာ အခွင့်အာဏာဖြင့် သက်သေခံရန် ပရောဖက်တို့နှင့်တကွ



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

လုကာကဲ့သို့သော အသင်းတော် အခွင့်အာဏာအပ်နှင်းခံရသူ အခြားခေါင်းဆောင်များကိုလည်း သခင်ဘုရား ခေါ်ယူခဲ့သည်။

အခွင့်အာဏာရှိသော ပြောစကားများကို လုကာ တင်ဆက်ရာတွင် အပေါ်လွင်ဆုံး နည်းလမ်းမှာ စကားပြောချက်များကို မှတ်တမ်းတင်ခြင်း ဖြစ်သည်။ အသင်းတော် သွန်သင်ချက်တို့ကို ဝေဖန်သုံးသပ်ပြရုံသက်သက် မလုပ်ဘဲ သခင်ဘုရား၏ အခွင့်အာဏာရှိသော ကိုယ်စားလှယ်များအား သမိုင်းကြောင်းအတွင်း လှုပ်ရှားတက်ကြွသည့် ဇာတ်ကောင်များအဖြစ် စကားပြောဆိုခွင့် ပေးခြင်းဖြင့် ကျယ်ပြန့်သော ဩဝါဒ သွန်သင်ချက်များအား လုကာ ပုံမှန် မှတ်တမ်းတင်ခဲ့သည်။

အမှန်စင်စစ် တမန်တော် ဝတ္ထု၏ ရာခိုင်နှုန်း သုံးဆယ်ခန့်အား အငြင်းအခုံများ၊ နှစ်ဦး အပြန်အလှန် ပြောဆိုချက်များ၊ တစ်ဦးတည်း ပြောဆိုချက်များ၊ ဒေသနာများနှင့် အခြားတင်ဆက်မှု ပုံစံများက နေရာယူထားသည်။ ရှေးဇာတ်ကြောင်းပြ စာပေများထဲ ကျွန်ုပ်တို့ တွေ့မိသမျှနှင့်စာလျှင် ဤ စကားပြောချက် ပါဝင်နှုန်းသည် များစွာပိုမိုမြင့်မားနေသည့် ပမာဏ ဖြစ်သည်။ အကြောင်းမှာ တမန်တော်များ၏ ပြောစကားကို အားထားစရာ အခွင့်အာဏာအဖြစ် လုကာ ရယူထားသောကြောင့် ဖြစ်သည်။ ခြုံကြည့်ပါလျှင် တမန်တော် ဝတ္ထုထဲတွင် စကားပြောချက်ပေါင်း ၂၄ ခုခန့် ပါရှိသည်။ ပေတရုက ၈ ခု၊ ပေါလုက ၉ ခု၊ သတေဖန်က ၁ ခု၊ ယာကုပ်က ၁ ခုနှင့် အခြားသူတို့က အနည်းငယ် ဖြစ်ကြသည်။   ဤမျှလောက် ကျယ်ပြန့်သည့် စကားပြောချက်တို့သည် တမန်တော်တို့ထံက ဖြစ်ကြသည်။ ကျန်သည်တို့မှာ ပရောဖက်တို့နှင့် အသင်းတော် ရှေ့ထွက် ခေါင်းဆောင်များထံက ဖြစ်ကြသည်။

သို့သော် ယင်းသည် အဘယ်ကြောင့် အရေးကြီးသနည်း။ တမန်တော်ဝတ္ထုထဲက စကားပြောချက်တို့သည် ကနဦးအသင်းတော် ခေါင်းဆောင်များ မည်သူဖြစ်သည်၊ များစွာသော အရေးအရာတို့အပေါ် သူတို့ မည်သို့ ရှုမြင်သည် ဆိုသည်တို့ကို ကျွန်ုပ်တို့အား ပြောပြသည်။ ခရစ်တော်အတွက် အဘယ်ကြောင့် တပည့်တော်များ ဆင်းရဲခံလိုစိတ် ရှိကြောင်း ၎င်းတို့က ပြသသည်။ ၎င်းတို့သည် ခရစ်တော်ထံ တမန်တော်များ အစေခံပုံကို သက်သေထူပြီး ကိုယ်တော်၏ နိုင်ငံတော် တည်ထောင်ရေးအတွက် သူတို့ပေးသော သွန်သင်ချက်များကို မှတ်တမ်းတင်သည်။ ကနဦး အသင်းတော်သမိုင်းအပေါ် လုကာ၏ ရှုမြင်ချက်များထံ ၎င်းတို့က အခွင့်အာဏာ အပ်နှင်းပေးသည်။

> ကျွန်ုပ်တို့အား ကနဦးအသင်းတော် သမိုင်းဆိုင်ရာ များစွာကို တမန်တော် ဝတ္ထုက ပေးအပ်သည်။     ထိုအရာနှင့်အတူ တမန်တော်များ၏ စကားပြောချက် များစွာကိုလည်း ပေးအပ်သည်။   တမန်တော် အခန်းကြီး ၂ ထဲက ပေတရု၏ စကားပြောချက်သည် အမှန်ပင် ရှည်လျားသည်။ တမန်တော် ၁၃ ထဲက ပေါလု၏ စကားပြောချက်၊ တမန်တော် ၁၅ ထဲက ယာကုပ်၏ စကားပြောချက်တို့လည်း ရှည်လျားကြသည်။ ခရစ်တော်အကြောင်း လောကသို့ ရှင်းပြရန် အရေးကြီးတာဝန်မှာ တမန်တော်တို့တွင် ရှိနေပါသည်။ ဤကြီးမြတ်သည့် ဆုလက်ဆောင်သည် စကားပြောချက်များထဲ နည်းပေါင်းစုံနှင့် ပါရှိနေသဖြင့်



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

အခြေအနေ အမျိုးမျိုး အဖုံဖုံသို့ နည်းပေါင်းစုံသုံးပြီး တမန်တော်များက ခရစ်တော်၏ သတင်းကောင်း ဆင့်ဆိုကြောင်း အဆိုပါ စကားပြောချက်များထဲ ကျွန်ုပ်တို့ တွေ့မြင်နိုင်ပါသည်။ အချို့ ဆင့်ဆိုချက်တို့မှာ တရားဇရပ်များတွင် ဖြစ်သည်။ အချို့မှာ တရားခွင်အတွင်း အစစ်ခံရချိန်တို့နှင့် ပိုပတ်သက်သည်။ အချို့ကို တမန်တော် ၁၇ ထဲက အာသင် အစည်းအဝေးမှာ တွေ့ရသည်။ သို့ဖြစ်၍ သတင်းကောင်း ရှင်းပြရာ၌ မတူကွဲပြားသော နည်းလမ်းများစွာကို တမန်တော်တို့အသုံးပြုသည်။ သို့သော်လည်း အဆိုပါ စကားပြောချက် အများအပြားထဲက အဓိကကျသော အလေးပေး ဖော်ပြချက်များကို ကျွန်ုပ်တို့ နားလည်နိုင်ကြပါသည်။

**Dr. Brandon D. Crowe**

မကြာသေးသည့် ရာစုနှစ်များအတွင်း ဝေဖန် သုံးသပ်ရေး ဆရာအများက တမန်တော်ထဲ လုကာ ထည့်သွင်းထားသည့် စကားပြောချက်များသည် အစစ်အမှန် အစီရင်ခံချက်များ ဖြစ်ကြောင်း လက်မခံဘဲ ရှိနေခဲ့ကြသည်။ ရှေးခေတ်လောက သမိုင်းမှတ်တမ်းတို့၌ အချက်အလက်မှန်ကို အခြေမခံသော စကားပြောချက်များ ပါတတ်ကြောင်း သာဓကအများလည်း ရှိနေသည်။ သို့သော် ဝေဖန်သုံးသပ်ရေး ပညာရှင်များနှင့် ဧဝံဂေလိ တရားကို ယုံကြည်သော ပညာရှင်များ၊ နှစ်သင်းလုံးက ရှင်လုကာ ကာလမတိုင်မီ၊ ကာလ အတွင်းနှင့် နောက်ပိုင်း သမိုင်းပညာရှင်များအနေဖြင့် သူတို့၏ သမိုင်း မှတ်တမ်းများထဲက စကားပြောချက်များအား အမှန် တရား ကိုယ်စားပြုချက်များဖြစ်အောင် အသေအချာ အားထုတ်ခဲ့ကြကြောင်း ထောက်ပြကြသည်။ ထို့ပြင် တမန်တော်ထဲက စကားပြောချက်တို့အား ပိုမို အနီးကပ် လေ့လာကြည့်သည့်အခါ လုကာသည် အဆိုပါ သမိုင်းပညာရှင်များလို စိတ်ချ ယုံကြည်ထိုက်သူတစ်ဦး ဖြစ်ကြောင်း ခိုင်မာသည့် အထောက်အထားကို ကျွန်ုပ်တို့ တွေ့ရသည်။ သူထည့်သွင်းထားသော စကားပြောချက်တို့သည် အခွင့်အာဏာရှိသော တမန်တော်တို့၏ သွန်သင်ချက်များကို အမှန်တကယ်ပင် ကိုယ်စားပြုသည်။

တမန်တော်ထဲက စကားပြောချက်များ စစ်မှန်ကြောင်း ကျွန်ုပ်တို့ စိတ်ချရသည့် အဓိကအချက်မှာ မမှားယွင်းနိုင်သော၊ အခွင့်အာဏာရှိသည့် သမိုင်းကြောင်းမျိုး ရေးသားဖို့ ရှင်လုကာကို တိုက်တွန်းသူသည် သန့်ရှင်းသော ဝိညာဉ်တော် ဖြစ်သောကြောင့်ပင်။ မည်သို့ပင်ဆိုစေ တမန်တော်ထဲက စကားပြောချက်တို့သည် အမှန် ပြောဆိုချက်များကို ကိုယ်စားပြုကြောင်း ကျွန်ုပ်တို့ သိမြင်နိုင်သည့် အခြား နည်းလမ်း သုံးသွယ် ရှိနေပါသည်။

ပထမအားဖြင့် စကားပြောချက်တို့၌ သူတို့၏ ကိုယ်ပိုင် ဟန်ပန် ရှိသည်။ တမန်တော်ထဲက အခြားသောကဏ္ဍများမှ လုကာ၏ ပိုမို ရှုပ်ထွေးသည့် ရေးဟန်နှင့် စာလျှင် စကားပြောချက်တို့သည် ပိုမိုရိုးရှင်းပြီး ပိုမို စကားပြောဟန် ပါသည်။ အချို့တို့တွင် ဂရိ အသုံးအနှုန်း ချောမွေ့ခြင်းမရှိ၊ လှပခြင်းလည်း မရှိပေ။ စကားပြောချက်တို့ကို အလင်္ကာဆင်၊ အရောင်တင်ဖို့ထက် ပြောသူက အမှန်



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ပြောဆိုခဲ့သည့်စကားအား အရှိ အရှိအတိုင်း ရေးချရန်ကိုသာ လုကာ ပိုမိုအာရုံစိုက်ခဲ့ကြောင်း ဤအချက်က ပြသည်။

ဒုတိယအားဖြင့် စကားပြောချက်တို့သည် ၎င်းတို့နှင့် ဆိုင်ရာ နောက်ခံသမိုင်းကြောင်းများနှင့် ပေါင်းစပ်ထားကြသည်။ ပရိသတ်အကြိုက်လိုက်ပြီး ကြိုးစားပုံဖော်ခြင်းမျိုး မဟုတ်ဘဲ လုကာ ဖော်ပြထားသည့် လူတို့နှင့် သူတို့၏ ဆိုင်ရာ အခြေအနေများကိုသာ တမန်တော် ဝတ္ထု စကားပြောချက်တို့က ပြောဆိုကြသည်။ သာဓကဆိုရလျှင် တမန်တော် အခန်းကြီး ၄ တွင် လက်ခြေသေသူကို ပေတရု အနာငြိမ်းပေးပြီးနောက် ယုဒခေါင်းဆောင်များထံ ပြောသော စကားပြောချက်တို့ကို ကျွန်ုပ်တို့ ဖတ်ရသည်။ ပေတရုက ခရစ်တော်၌ ကယ်တင်ခြင်းကို ဆင့်ဆိုသည်။ လုကာသည် ပေတရု၏ စကားပြောချက်ကို လုပ်ကြံဖန်တီးလေခဲ့သလားဟု ကျွန်ုပ်တို့ ယူဆနိုင်ပါသည်။ သို့သော် ပေတရုသည် စာဖတ်ပရိသတ်သို့ မဟုတ်ဘဲ အံ့ဖွယ်ပြာဋိဟာကို မျက်မြင်တွေ့သူများထံ တိုက်ရိုက်ပြောဆိုခြင်း ဖြစ်သည်။ သူ့ပြောစကားများ၏ သက်သေအဖြစ် အနာငြိမ်းခြင်းကိုပင် သူထောက်ပြသည်။ ထို့ပြင် လုကာ သက်သေပြခဲ့သလိုပင် မယုံကြည်သော ယုဒ ခေါင်းဆောင်တို့ သူ့ကို မငြင်းဆိုနိုင်ခဲ့ကြပေ။ အကြောင်းမှာ ထိုသူတို့ ကိုယ်တိုင် မျက်မြင်ကိုယ်တွေ့ ဖြစ်ခဲ့သောကြောင့်ပင်။

အလားတူပင် တမန်တော်ထဲက ပေါလု ပြောစကားများကလည်း *ထိုသူတို့နှင့်* သက်ဆိုင်သည့် နောက်ခံအခြေအနေတို့ကို ထင်ဟပ်ပြနေသည်။ သာဓကအားဖြင့် တမန်တော် အခန်းကြီး ၁၃ ပါ ပိသိဒိ အန္တိအုတ်ရှိ ယုဒလူတို့နှင့် ဘုရားကို ရိုသေသောသူတို့ကို ပေါလု ပြောဆိုချက်သည် တမန်တော် ၁၇ ပါ အာသင်ရှိ သတောအိပ်နှင့် ဧပိကုရု တပည့်များထံ ပြောဆိုချက်နှင့် အလွန်တရာ ကွဲပြားခြားနားသည်။

> အာသင်တွင် ပေါလု သတင်းကောင်းဆင့်ဆိုသည့်အခါ မတူညီသည့် ဒဿနိကဆရာများ နှင့် ပြောဆိုရန် အာရေတောင်ဟု ခေါ်သည့်နေရာသို့ ခေါ် ဖိတ်ခံရသည်။ အာသင်လူတို့ကို သတင်းကောင်း ဝေငှရာတွင် အခြားသော လူအုပ်စုများသို့ ဝေငှပုံနှင့် မတူသောနည်းဖြင့် ဝေငှခဲ့သည်။ သာဓကအားဖြင့် ပိသိဒိ အန္တိအုတ်ရှိ ယုဒလူတို့ထံ ဝေငှပုံမျိုး ဖြစ်သည်။ တမန်တော် ၁၃ ပါ ယုဒလူတို့ထံ တရားဇရပ်တွင် ဆင့်ဆိုရာ၌ ဓမ္မဟောင်းကို တဆင့်ပြီး တဆင့် သွားခဲ့သည်။ ကမ္ဘာဦးမှစပြီး ဘုရားသခင် လုပ်ဆောင်နေခဲ့သည့်အရာ၊ သူနှင့် သူ့ပရိသတ်တို့ အတူတကွ မျှဝေခံယူကြသည့် အရာကို ကျမ်းစာ အရင်းအမြစ်ထဲက ထုတ်ယူ ခင်းပြသည်။ ထို့နောက် ယေရှုကို စေလွှတ်၊ အသေခံ၊ ပြန်ရှင်စေခြင်းဖြင့် ဘုရားသခင်သည် ဓမ္မဟောင်းကိုမည်သို့ ပြည့်စုံစေခဲ့ကြောင်း ပြောဆိုကာ ယေရှုထံ သူ တွန်းပို့သည်။ ထိုအရာမှာ တရားဇရပ်ရှိ ယုဒလူ့အဖွဲ့အစည်းထံ ယေရှု သတင်းကောင်းဆင့်ဆိုပုံ ဖြစ်သည်။ သို့သော် ရှင်ပြန်ထမြောက်ခြင်းကို သရော်စရာအဖြစ် ရှုမြင်သဖြင့် ထိုအကြောင်း ထပ်ဟောပေးပါဟု တောင်းဆိုကြသော ဂရိ ဒဿနိကဆရာများ ရှေ့မှောက် ရောက်သောအခါ ဓမ္မဟောင်းကို တစ်ခါမျှပင် သူထည့်မပြောတော့ပေ။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

> ဘုရားသခင်သည် ရှိရှိသမျှကို ဖန်ဆင်းသော ဖန်ဆင်းရှင် ဖြစ်ကြောင်း၊ လူတစ်ဦးမှ ရှိရှိသမျှလူမျိုးအပေါင်းကို ဖန်ဆင်းသည့် အရှင် ဖြစ်ကြောင်း သူတင်ဆက်သည်။ ထို့ကြောင့် ပေါလုစကားများထဲတွင် ကမ္ဘာဦးကျမ်းကို ကြားနိုင်သည်။ သို့သော် သူ့ ကျမ်းစာကို ကိုးကား ပြောဆိုခြင်း မပြုခဲ့ပါ။ အမှန်ဆိုလျှင် ဖန်ဆင်းခြင်းနှင့် တိုင်းနိုင်ငံ အသီးသီးတို့အကြောင်း အဆိုပါ ဖော်ပြချက်အချို့ကို အခြား အခြားသော အရင်းအမြစ်များစွာထဲမှာလည်း ကျွန်ုပ်တို့ တွေ့နိုင်ကြသည်သာ ဖြစ်သည်။
>
> **Dr. Jonathan D. Worthington**

တတိယအားဖြင့် အဆိုပါ စကားပြောချက် တစ်ခုစီတိုင်းသည် ပြောသူတစ်ဦးချင်းစီ၏ ပုဂ္ဂိုလ်သဘာဝကို ထင်ဟပ်ပြသည်။ ပြောမည့် အကြောင်းအရာများ တူညီမှာကို ကြိုတင် သိထားနိုင်သော်လည်း ပြောသူတစ်ဦးချင်း၌ တစ်ကိုယ်ရည် စရိုက်များ ရှိနေသည်။ သာဓက ဆိုရလျှင် တမန်တော် အခန်းကြီး ၂၀ ပါ ဖေက် သင်းအုပ်တို့ထံ ပေါလု စကားပြောချက်တွင် သူ့သြဝါဒစာထဲက အကြောင်းအရာ အများအပြားနှင့် တူညီမှုများ ပါရှိသည်။ ဤစကားပြောချက်မျိုးသည် အဆိုပါ သြဝါဒစာများ ရေးသူထံက ကျွန်ုပ်တို့ မျှော်လင့်ထားနိုင်မည့် အရေးအသားမျိုးသာလျှင် ဖြစ်ပေသည်။

အဆိုပါပုံစံများနှင့် အခြား အလားတူ ပုံစံများစွာအရ သမိုင်းမှန် စကားပြောချက်များကို ရှင်လုကာပေးခဲ့ကြောင်း ကျွန်ုပ်တို့ စိတ်ချနိုင်ကြပါသည်။ သူရေးလိုရာကို ပုံဖော်ဖို့ တမန်တော်ထဲက စကားပြောချက်များကို လုပ်ကြံဖန်တီးခြင်း မပြုခဲ့ပါ။ ထိုအစား မိမိကိုယ်ပိုင် သုံးသပ်ချက်တို့နှင့် ဇာတ်ကြောင်းစီစဉ် ခင်းကျင်းမှုတို့၏ အခွင့်အာဏာအား တမန်တော်တို့ မျက်မြင်ကိုယ်တွေ့ဖြစ်ခဲ့သည့် သမိုင်းမှန်ပေါ်မှာသာ မှီခိုအားပြုစေခဲ့သည်။

အခွင့်အာဏာရှိသော စကားလုံးများကို မှတ်တမ်းတင်ရုံမက သူပေးလိုသည့် ဓမ္မပညာဆိုင်ရာ သတင်းစကားကို ထောက်ကူရန် ကနဦး အသင်းတော်ကာလ အခွင့်အာဏာရှိသော ပြုမူ လုပ်ဆောင်ချက်များ အပေါ်မှာလည်း သူ မှီခိုအားပြုခဲ့သည်။

## ပြုမူလုပ်ဆောင်ချက်များ

သူတို့၏ ဝမ်းမြောက်ဖွယ် သတင်းစကား မှန်ကန်ကြောင်း သက်သေပြရန် တမန်တော်များ၊ ပရောဖက်များ၊ ကနဦး အသင်းတော် အခြား ခေါင်းဆောင်အချို့တို့ထံ နိမိတ်လက္ခဏာနှင့် အံ့သြဖွယ်ရာများ ပြသနိုင်မည့်တန်ခိုးကို သန့်ရှင်းသော ဝိညာဉ်တော်က အပ်နှင်းခဲ့သည်။ အံ့သြစိတ်လှုပ်ရှားဖွယ် သန့်ရှင်းသော ဝိညာဉ်တော် ဆုကျေးဇူးပေးအပ်ခြင်း၊ အနာငြိမ်းခြင်း၊ သေသူကို ပြန်ရှင်စေခြင်းတို့လို အရာများဖြင့် တမန်တော်တို့သည် ခရစ်တော်၏ အခွင့်အာဏာကို ဆောင်ယူသော ကိုယ်စားလှယ်များ ဖြစ်ကြောင်း သန့်ရှင်းသော ဝိညာဉ်တော်က သက်သေပေးခဲ့သည်။ ပါဖုမြို့ဝန်ရှေ့ ရှင်ပေါလု၏ သာသနာ စစ်မှန်ကြောင်း သက်သေပေးရာ တမန်တော် ၁၃း၇-၁၂ တွင် လုကာ ရေးထားချက်ကို စဉ်းစားကြည့်ပါ။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

> ထိုမြို့ဝန်သည် ပညာသတိရှိသဖြင့် ဗာနဗနှင့် ရှောလုတို့ကို ခေါ်ပင့်၍ ဘုရားသခင်၏ နှုတ်ကပတ်တရားတော်ကို နာလိုစိတ်ရှိသော အနက်အားဖြင့် နတ်ဝိဇ္ဇာ အတတ်သမားဟု ဆိုလိုသောလေုမအမည်ရှိသော ထိုသူသည် မြို့ဝန်ကို ယုံကြည်ခြင်းမှ လွှဲအံ့သောငှာ ဟန့်တားလေ၏။ ထိုအခါ ပေါလုဟု အမည်တွင်သော ရှောလုသည် သန့်ရှင်းသော ဝိညာဉ်တော်နှင့် ပြည့်သဖြင့် ထိုနတ်ဝိဇ္ဇာအတတ်သမားကို စေ့စေ့ကြည့်ရှုလျက် "........ ယခုပင် ထာဝရ ဘုရား၏ လက်တော်သည် သင့်အပေါ်သို့ ရောက်၍ နေကိုမျှမမြင်နိုင်အောင် အင်တန်ကာလ ပတ်လုံးသင်၏ မျက်စိကွယ်လိမ့်မည်ဟု ပေါလုဆိုသော ခဏချင်းတွင် မျက်စိမြေးယှက်၍ မှောင်မိုက်အတိ ဖြစ်သဖြင့် လက်ဆွဲပေးသောသူတို့ကို ရှာလျက် တလည်လည်ရှိ၍ နေ၏။ ထိုအကြောင်းအရာကို မြင်လျှင် မြို့ဝန်သည် ယုံကြည်ခြင်းသို့ ရောက်၍ သခင်ဘုရား၏ ဒေသနာတော်ကို အလွန်အံ့ဩမိန်းမော၍ နေ၏ (တမန်တော် ၁၃း၇-၁၂)။

သတင်းကောင်းကို ဟန့်တားသည့် ဧလုမ ကို မျက်စိကွယ်အောင် ဒဏ်ခတ်နိုင်ဖို့ ပေါလုအား သန့်ရှင်းသော ဝိညာဉ်တော်က တန်ခိုးပေးခဲ့သည်။ သတင်းကောင်း မှန်ကန်သည့်အကြောင်း မြို့ဝန်ထံ ပေါလု၏ သွန်သင်ချက်နှင့် လုပ်ဆောင်ချက်တို့က သက်သေပေးခဲ့သည်။

သူ့ရေးသားချက်များ အစစ်အမှန်ဖြစ်ကြောင်း ပရိသတ် ယုံကြည်စေဖို့ အခွင့်အာဏာရှိသော စကားများနှင့် ပြုမူဆောင်ရွက်ချက်တို့ကို လုကာ မှတ်တမ်းတင်ခဲ့သည်။ တမန်တော်တို့သည် သခင်ယေရှုခရစ်တော် အခွင့်အာဏာ အပ်နှင်းခံရသူများ ဖြစ်ကြောင်း သူ့ပရိသတ်ကို သိစေလိုခဲ့သည်။ ထိုမျှမက ခရစ်တော်အပေါ် မှီခိုအားပြုပြီး ဘုရားသခင့်နိုင်ငံတော် ဆက်လက် တည်ဆောက်နေသည်နှင့် အမျှ ထိုသူတို့၏ ပုံသက်သေအတိုင်း လိုက်နာရန် မည်သည့်အရပ်ရှိ မည်သည့် မျိုးဆက်မှာမဆို တာဝန်ရှိသည်။

ယခုတွင် ရှင်လုကာ ရှင်းပြထားသော ရည်ရွယ်ချက်နှင့် အခွင့်အာဏာပေါ် မှီခိုအားထားမှုများအကြောင်း ကျွန်ုပ်တို့ လေ့လာပြီးဖြစ်၍ လုကာ၏ စီကုံးဖွဲ့နွဲ့ပုံနည်းဗျူဟာ တတိယရှုထောင့်ဖြစ်သည့် တမန်တော် ဝတ္ထုတလျှောက် လုကာသုံးခဲ့သည့် ဖွဲ့စည်းမှုဆိုင်ရာ ပုံစံများကို လေ့လာကြပါစို့။

# ဖွဲ့စည်းမှု ဆိုင်ရာ

ဖွဲ့စည်းပုံဆိုင်ရာ ပုံစံများစွာရှိကြောင်း တမန်တော် ဝတ္ထုက ပြသသည်။ သို့သော် အချိန်ကိုထောက်သောအားဖြင့် တမန်တော် ဝတ္ထု ဖွဲ့စည်းပုံဆိုင်ရာ မျက်နှာစာ နှစ်ခုကိုသာ စူးစိုက်ကြပါမည်။ ပထမအားဖြင့် အထပ်ထပ် အခါခါ အကျဉ်းချုပ်သည့် ပုံစံကို ကျွန်ုပ်တို့ ဖော်ပြပါမည်။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ဒုတိယအားဖြင့် တမန်တော် ဝတ္ထုထဲက အသင်းတော် ကြီးထွားလာမှု ပုံစံကို ကျွန်ုပ်တို့ ကြည့်ကြပါမည်။ အကျဉ်းချုပ် ဖော်ပြချက်များအား လုကာ မည်သို့ အသုံးပြုခဲ့သည် ဆိုသည်နှင့် စကြပါစို့။

## အကျဉ်းချုပ် ဖော်ပြချက်များ

ကျမ်းရေးသူတို့သည် ဇာတ်ကြောင်းအတွင်း သူတို့ မည်သည့်နေရာက ပါနေကြောင်း မတူသောပုံစံ အမျိုးမျိုးဖြင့် ပြသလေ့ ရှိကြသည်။ တခါတရံ လက်တွေ့လိုအပ်ချက်များအရ ဇာတ်လမ်း သက်ဝင် လှုပ်ရှားနေပုံအတွင်း နောက်ကွယ်မှာ ကိုယ်ယောင် ဖျောက်ထားလေ့ရှိသည်။ အခြားအချိန်တို့တွင်မူ သူတို့ မှတ်တမ်းထဲက အဖြစ်အပျက်အပေါ် ရှင်းလင်းပြတ်သားသည့် သုံးသပ်ဝေဖန်ချက်မျိုး ပေးရန် ရှေ့သို့ ထွက်လာလေ့ ရှိသည်။ ဤ ဒုတိယ နည်းဗျူဟာကို "စာရေးသူ၏ ဝေဖန်သုံးသပ်ချက်များ" နည်းဗျူဟာဟု ကျွန်ုပ်တို့ ခေါ်လေ့ရှိသည်။ တမန်တော် ဝတ္ထု တလျှောက် စာရေးသူ၏ ဝေဖန်သုံးသပ်ချက်များစွာကို လုကာ ပေးခဲ့သည်။ နောက်ခံ သမိုင်းအချက်အလက်ပေးခြင်း၊ ဇာတ်ကောင်တို့၏ အတွင်းစိတ် သဘောထား ရည်ရွယ်ချက်များကို ဖွင့်ပြခြင်း၊ အခြေအနေ အဆက်အစပ် ရှင်းပြခြင်းတို့ကို လုပ်ဆောင်ခဲ့သည်။ သတင်းကောင်း တင်ဆက်ရာတွင် ရှင်းလင်းရေးနှင့် သစ္စာရှိရေး စိတ်ချသေချာအောင် ဤသို့ လုပ်ဆောင်ခြင်း ဖြစ်သည်။ သူ့စာစောင်ထဲက အဖြစ်အပျက်များ အပေါ် သူအမြဲလို ဝေဖန်သုံးသပ်ချက်ပေးသည့် နည်းတစ်ခုမှာ အကျဉ်းချုပ် ဖော်ပြချက်များအားဖြင့် ဖြစ်သည်။

တမန်တော် ဝတ္ထုသည် ယေရုရှလင်မှ ပြင်ပသို့ သတင်းကောင်း တိုးတက်ရောက်ရှိပုံကို မှတ်တမ်းတင်ကြောင်း ပရိသတ်အများက သတိပြုမိကြပြီး ဖြစ်သည်။ သမိုင်းကြောင်းကို သူ ရေးရာတွင် ယေရုရှလင်မှ ယုဒပြည်နှင့် ရှမာရိပြည်သို့၎င်း၊ ဖိနိတ်ပြည်၊ ကုပရုပြည်နှင့် ရှုရိ အန္တိအုတ်သို့၎င်း၊ ကုပရုပြည်နှင့် ပမ်ဖုလိပြည်၊ ဂလာတိပြည်များသို့၎င်း၊ အာရှိပြည်၊ မာကေဒေါနိပြည်၊ အခါယပြည်များသို့၎င်း၊ ထို့နောက် အဆုံးသတ်အားဖြင့် ယေရုရှလင်မှ ရောမ ထိတိုင်အောင်၎င်း၊ ပျံ့နှံ့သွားခဲ့ကြောင်း အကျဉ်းချုပ်ဖော်ပြချက် ခြောက်ခု သုံးကာ ဝေဖန် သုံးသပ်ချက်ပေးခဲ့သည်။ သာဓက တစ်ခုဆိုရလျှင် တမန်တော် ၅း၄၂ တွင် အသင်းတော်၏ ယေရုရှလင် မြို့တွင်း သာသနာလှုပ်ရှားမှုနှင့် အောင်မြင်မှုတို့အကြောင်း ယခုလို ရှင်လုကာ အကျဉ်းချုပ်ပေးထားသည်-

> ဗိမ္မာန်တော်၌၎င်း၊ အိမ်၌၎င်း နေ့တိုင်းအစဉ် ဆုံးမသွန်သင်လျက် ယေရှုသည် ခရစ်တော်ဖြစ်၏ ဟူ၍ ဧဝံဂေလိတရားကို မပြတ်ဟောပြောလျက် နေကြ၏။

ရောမသို့ ပေါလု ရောက်ရှိပြီးနောက် တမန်တော် ၂၈း၃၀-၃၁ အတွင်း သူပေးသော အကျဉ်းချုပ်ဖော်ပြချက်ကို နားထောင်ကြည့်ပါ-

> ထိုနောက်မှ ပေါလုသည် နှစ်နှစ်ပတ်လုံး မိမိငှားသောအိမ်၌နေသဖြင့်၊
> မိမိထံသို့လာသော သူအပေါင်းတို့ကို ဧည့်ခံ၍၊ အဘယ်သူမျှ မမြစ်တားဘဲ၊
> ဘုရားသခင်၏ နိုင်ငံတော် အကြောင်းကိုအတည့်အလင်း ဟောပြော၍၊



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

> သခင်ယေရှုခရစ်၏အကြောင်းများကို သွန်သင် ပြသလျက်နေ၏ (တမန်တော်၂၈:၃၀-၃၁)။

သတင်းကောင်း အောင်မြင်မှုနှင့် အသင်းတော် ကြီးပွားမှု အဆင့်များကို မီးမောင်းထိုးပြရန် တမန်တော် ဝတ္ထုတလျှောက် အဆိုပါ အကျဉ်းချုပ် ဖော်ပြချက်မျိုး များစွာကို လုကာ ပုံမှန်ပြုခဲ့သည်။

> ရှေးရှေး သမိုင်းဆရာများစွာလို အကြောင်း အမျိုးမျိုးကြောင့် အကျဉ်းချုပ် ဖော်ပြချက်များကို လုကာ သုံးခဲ့သည်။ သို့သော် ပိုအရေးပါသည့် အကြောင်းရင်း တစ်ခုမှာ ဇာတ်ကြောင်းကို စုစုစည်းစည်းဖြစ်အောင် ချိတ်ဆက်ပေးပြီး ဖွဲ့စည်းမှု ပုံစံ တစ်ခု ပေးသောအားဖြင့် သမိုင်းကြောင်းအတွင်း ဖြစ်ပေါ်နေသည့် တိုးတက်မှုနှင့် အောင်မြင်မှုတို့ကို သူ့ပရိသတ် နားလည်လွယ်စေဖို့ ဖြစ်သည်။ ထို့ကြောင့်ပင် တမန်တော် ၆း၇ တွင်လည်း ဘုရားသခင်၏ သာသနာတော်သည် တိုးပွားသဖြင့် ယေရုရှလင်မြို့၌ တပည့်တော်တို့သည် အလွန်ပွားများ၍ ယဇ်ပုရောဟိတ် အပေါင်းတို့သည် ယုံကြည်ခြင်းတရားကို နားထောင်ကြ၏ ဟု အကျဉ်းချုပ်ပေးထားသည်။ နောက်နယ်မြေတစ်ခုသို့ ရောက်ရှိသွားရာ ၉း၃၁ ၌ ထိုအခါယုဒပြည်၊ ဂါလိလဲပြည်၊ ရှမရိပြည် အရပ်ရပ်တို့တွင် အသင်းတော်တို့သည် ငြိမ်သက်၍ တည်ဆောက်ခြင်း ရှိကြ၏။ သခင်ဘုရားကို ကြောက်ရွံ့ခြင်း၌၎င်း၊ သန့်ရှင်းသော ဝိညာဉ်တော်၏ အဆုံးအမ၌၎င်း မွေ့လျော်သောအားဖြင့် ပွားများကြ၏ ဟုပါရှိသည်။ ထို့နောက်တွင် အခန်းကြီး ၁၉ တွင် အလားတူ ဆက်လက် ဖြစ်ပေါ်ကြောင်း တွေ့ရသည်။ ယခုတွင် ပါလက်စတိုင်း ဒေသကို ကျော်လွန်ကာ သာသနာပနယ်မြေ၊ ဧဖက် မြို့တော်ကြီးသို့ ရောက်ရှိကာ ဘုရားသခင့် သာသနာတော်သည် တန်ခိုးနှင့် တိုးပွား၍ အောင်မြင်ကြောင်း ကျွန်ုပ်တို့ တွေ့ရသည်။ ထို့နောက် အဆုံးသတ်အားဖြင့် တမန်တော် ဝတ္ထု အဆုံး၊ အခန်းကြီး ၂၈ ၌ ရောမသို့ ပေါလု ရောက်လာချိန်တွင် နေအိမ်အကျယ်ချုပ်နေရကြောင်း၊ သို့သော် ဘုရားသခင့် နိုင်ငံတော် သတင်းကောင်းနှင့် ယေရှုခရစ် သွန်သင်ချက်များကို အဘယ်သူမျှ မြစ်တားခြင်းမရှိဘဲ ရဲရင့်စွာ သူဆင့်ဆိုကြောင်း၊ ဤအရာကို အဆီးအတားမရှိ သူ ဆက်လုပ်ခဲ့ကြောင်း ဤကျမ်းချက်က ပြောပြသည်။ သို့ဖြစ်လျှင် အဆုံးသတ်မှာပင်လျှင် ရောမမြို့တော်ကြီး၌ ကနဦး ခရစ်ယာန် အသင်းတော်၏ သက်သေခံသောအားဖြင့် ဘုရားသခင့် သာသနာတော်သည် ပြင်းထန်သော နှိပ်ကွပ်မှု၊ အသင်းတော်တွင်း လွန်ဆွဲမှုများ မည်သို့ရှိစေကာမူ ဆက်လက်ပျံ့နှံ့ကြောင်း ကျွန်ုပ်တို့ တွေ့ရသည်။ ၎င်းသည် ဆက်လက် ကြီးပွားလျက် ရှိနေသည်။ သို့ဖြစ်၍ အကျဉ်းချုပ်ဖော်ပြချက်တို့က ဇာတ်လမ်းကို

ပြောပြရုံမက အလွန်ပင် အရေးပါသည့်ပုံစံဖြင့် ဇာတ်လမ်းကို ထင်ရှားပေါ်လွင်စေသည်။

**Dr. Gregory R. Perry**

ယခုတွင် အကျဉ်းချုပ်ဖော်ပြချက် လုကာအသုံးပြုပုံကို ကျွန်ုပ်တို့ မိတ်ဆက်ပေးပြီ ဖြစ်၍ အဆိုပါ အကျဉ်းချုပ်ဖော်ပြချက်များအကြား ပါရှိနေသည့် အသင်းတော် ကြီးပွားမှု၏ ဖွဲ့စည်းမှု ပုံစံကို ကြည့်ကြပါစို့။

## အသင်းတော် ကြီးပွားမှု

အသင်းတော် ကြီးပွားမှုအကြောင်း လုကာ မှတ်တမ်းတင်ရာတွင် တွန်းပို့အား စုံတွဲ နှစ်ခုကို ဖော်ပြမြဲ ရှိခဲ့သည်။ တဖက်တွင် အတွင်းကြီးပွားမှုနှင့် အသင်းတော်တွင်း အားပြိုင် လွန်ဆွဲမှုများ အကြောင်း ရေးခဲ့သည်။ အခြားတဖက်တွင်လည်း ပြင်ပ ကြီးပွားမှုနှင့် အသင်းတော်အပေါ် ပြင်ပမှ သက်ရောက်သည့် ဆန့်ကျင်မှုများအကြောင်း သူရေးခဲ့သည်။ အဆိုပါ ဝေါဟာရအသုံးအနှုန်းများ၏ အဓိပ္ပာယ်ကို စဉ်းစားကြပါစို့။

ကျွန်ုပ်တို့ ရည်ရွယ်ချက်အတွက် "အတွင်းကြီးပွားမှု" ဝေါဟာရအား ခရစ်ယာန် လူ့အဖွဲ့အစည်းအတွင်း သတင်းကောင်းကပေးသော အပြုသဘောဆောင်သည့် အကျိုးသက်ရောက်မှုများ အဖြစ် ဖွင့်ဆိုပါသည်။ အသင်းတော်အတွင်း အသင်းသား တစ်ဦးချင်းသော်၎င်း၊ အသင်းတော် တစ်ခုလုံး အနေဖြင့်သော်၎င်း ကောင်းကျိုး ဖြစ်ထွန်းသည့် အရည်အသွေးရှိရှိ ကြီးပွားမှုမျိုး ဖြစ်သည်။ "အားပြိုင် လွန်ဆွဲမှု" ဆိုသည့် ဝေါဟာရအားဖြင့်မူ အသင်းတော်အတွင်း ဖြစ်ပေါ်သော ပြဿနာများ၊ မေးခွန်းများ၊ အငြင်းအခုံများ၊ ရုန်းကန်ရမှုများကို ကျွန်ုပ်တို့ ပြောလိုရင်း ဖြစ်သည်။ အတွင်းကြီးပွားမှုနှင့် အားပြိုင် လွန်ဆွဲမှုတို့ကြား အပြန်အလှန် ဆက်နွယ်မှု ရှိကြောင်း  တမန်တော် ဝတ္ထုထဲတွင် လုကာ ပုံမှန် ထုတ်ပြမြဲ ဖြစ်သည်။ အတွင်းကြီးပွားမှုကြောင့် အားပြိုင် လွန်ဆွဲမှု ဖြစ်ရသည်။ အားပြိုင်လွန်ဆွဲမှုက အတွင်းကြီးပွားမှုကို တဖန် ဖြစ်ပေါ်စေသည်။

ရှင်လုကာ၏ အသင်းတော် ကြီးပွားပုံ ဖွဲ့စည်းမှုဆိုင်ရာ ပုံစံပါ ဒုတိယစုံတွဲမှာ ပြင်ပကြီးပွားမှုနှင့် ဆန့်ကျင်ခံရမှုတို့ ဖြစ်ကြသည်။ "ပြင်ပကြီးပွားမှု" ဟုဆိုရာတွင် သင်းဝင်သူအသစ်များ ထပ်မံ ပါဝင်လာခြင်းကြောင့် အသင်းတော်၌ သင်းဝင်သူ ကိန်းဂဏန်း အရေအတွက် များပြားလာခြင်းကို ဆိုလိုသည်။   ဤကြီးပွားမှုသည် အရေအတွက်နှင့် ဆိုင်သည်။ ထိုမှတပါး "ဆန့်ကျင်ခံရမှု" ဆိုသည်မှာ အသင်းတော်နှင့် မယုံကြည်သူ လောကတို့အကြား မကြာခဏ ပေါ်ပေါက်လေ့ရှိသည့် ပဋိပက္ခမျိုးကို ဆိုလိုသည်။ တဖန် တမန်တော် ဝတ္ထုထဲက အဆိုပါ သဘောအယူအဆ နှစ်ခုတို့အကြားမှာလည်း အပြန်အလှန် ဆက်နွယ်မှု တစ်ခု ရှိနေပြန်သည်။ ပြင်ပကြီးထွားမှုကြောင့် တခါတရံ ဆန့်ကျင်ခံရမှုများ ရှိလာတတ်ပြီး မကြာခဏ ဆိုသလို ဆန့်ကျင်ခံရမှုများကြောင့်လည်း ပြင်ပကြီးထွားမှု ဖြစ်လာတတ်သည်။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ထိုမျှမက တဖက်တွင် အတွင်းကြီးပွားမှုနှင့် အားပြိုင်လွန်ဆွဲမှုကြား၊ အခြားတဖက်တွင် ပြင်ပကြီးထွားမှုနှင့် ဆန့်ကျင်ခံရမှုကြားမှာလည်း အပြန်အလှန် ဆက်နွယ်မှုရှိတတ်ကြောင်း လုကာ ဖော်ပြသည်။ တနည်းဆိုပါလျှင် အတွင်းကြီးပွားမှုနှင့် အားပြိုင်လွန်ဆွဲမှုတို့သည် ပြင်ပကြီးပွားမှုနှင့် ဆန့်ကျင်ခံရမှုတို့ကို ဖြစ်စေပြီး ပြင်ပကြီးပွားမှုနှင့် ဆန့်ကျင်ခံရမှုတို့သည် အတွင်းကြီးပွားမှုနှင့် အားပြိုင်လွန်ဆွဲမှုကို ဖြစ်စေသည်။ ဤသင်ခန်းစာထဲ နောက်ပိုင်းတွေ့ရမည် ဖြစ်သလို အသင်းတော် ကြီးပွားမှု ဤပုံစံသည် တမန်တော်ထဲ မကြာခဏဖြစ်ပေါ်ရကား စာအုပ်၏ အာဘော်ပြ မှုဘောင် သို့မဟုတ် ကျောရိုးပုံစံမျိုးကိုပင် ချမှတ်ပေးသည်။

တမန်တော် ဝတ္ထု အဓိက အခန်းကဏ္ဍတိုင်းသည် ကနဦးအသင်းတော်၏ သက်သေခံချက်အားဖြင့် သတင်းကောင်း ပျံ့နှံ့ပြီး အသင်းတော် ကြီးပွားလာပုံကို ပုံဖော်ကြောင်း သူ့စာအုပ်တလျှောက် လုကာပေးခဲ့သည့် အကျဉ်းချုပ်များက ရှင်းပြနေကြသည်။ သော်ဖိလုနှင့် လုကာ၏ စာဖတ်သူ အခြားပရိသတ်တို့အပေါ် အဆိုပါ ဝေဖန် သုံးသပ်ချက်တို့က မည်သည့် သြဇာသက်ရောက်မှုမျိုး ရှိခဲ့သင့်ကြောင်း စိတ်ကူးထဲ မြင်ယောင်ကြည့်ကြပါစို့။ အားပြိုင်လွန်ဆွဲမှု မည်မျှကြီးပါစေ၊ ဆန့်ကျင်ခံရမှု မည်မျှ ဆိုးရွားပါစေ ဘုရားသခင်သည် သူ့အသင်းတော် အတွင်း အပြင် ကြီးပွားမှုအတွက် သတင်းကောင်းအားဖြင့် အချိန်ပြည့် အမှုဆောင်နေကြောင်း နေရာတိုင်းရှိ ယုံကြည်သူတို့ကို ခွန်အားပေးနိုင်ခဲ့မည်သာ ဖြစ်ပါလိမ့်မည်။ ကနဦး ခရစ်ယာန်တို့အား ဤအမြင်ရှုထောင့်အရ သမိုင်းကြောင်း တစ်ခုလုံးကို ဖွင့်ဆိုကြဖို့ ယင်းတို့က လှုံ့ဆော် တွန်းအားပေးခဲ့ပါလိမ့်မည်။ သူတို့၏ အရှင်သခင်၊ ကယ်တင်ရှင်၏ သက်သေခံများ အဖြစ် သူတို့ ဆက်လက် သစ္စာရှိသွားကြမည်ဆိုပါက အတွင်း အပြင် မည်သည့် ပြဿနာများ ရှိပါလေစေ၊ သူတို့အသက်ရှင်ခိုက်မှာပင် သတင်းကောင်း ကြီးပွားမှုကို သူတို့ မြင်ရလိမ့်မည် ဖြစ်ကြောင်း စိတ်ချမှုကို ရရှိခဲ့ကြပါလိမ့်မည်။

ရှင်လုကာ၏ စီကုံးဖွဲ့နွဲ့ပုံ နည်းဗျူဟာကို နှလုံးသွင်းလျက် တမန်တော် ဝတ္ထု၏ ပါဝင် အကြောင်းအရာကို စဉ်းစားကြပါစို့။ တမန်တော် ဝတ္ထုကို အကျဉ်းချုပ်ဖော်ပြရန် နည်းလမ်းများစွာ ရှိသော်လည်း မြေကြီးပေါ်မှာ ဘုရားသခင့် နိုင်ငံတော် တစိတ်တပိုင်း ထင်ရှားသည့်အနေနှင့် အသင်းတော် ဖွံ့ဖြိုးကြီးပွားမှုအပေါ် ကျွန်ုပ်တို့ စူးစိုက်ကြပါမည်။

# ပါဝင် အကြောင်းအရာ

သတင်းကောင်း ဆင့်ဆိုခြင်းဖြင့် မြေကြီးပေါ်က ဘုရားသခင့် နိုင်ငံတော် တည်ဆောက်ခြင်းအား ယေရှုက မည်သို့ ဆောင်ယူ၊ အစပြုကြောင်း ခရစ်ဝင်ကျမ်းနှင့် တမန်တော် ဝတ္ထု ပါဝင်သည့် လုကာ၏ နှစ်စောင်တွဲ လက်ရာက ရှင်းပြသည်။ ရှင်လုကာ ခရစ်ဝင်ထဲတွင် ယေရှု လူ့ဇာတိဖြင့် အမှုဆောင်စဉ်အတွင်း နိုင်ငံတော်အတွက် သူ မည်သို့ အုတ်မြစ်ချပေးခဲ့ကြောင်း ဖော်ပြခဲ့သည်။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

နိုင်ငံတော် ဆက်လက် တည်ဆောက်ရေးအတွက် တမန်တော်များနှင့် အသင်းတော်ကို တန်ခိုးပေးဖို့ သန့်ရှင်းသော ဝိညာဉ်တော်ကို ယေရှု မည်သို့ သွန်းလောင်းပေးခဲ့ကြောင်း တမန်တော် ဝတ္ထုထဲတွင် လုကာ ဖော်ပြခဲ့သည်။ ဤနည်းအားဖြင့် လုကာ၏ နှစ်စောင်တွဲ လက်ရာတစ်ခုလုံးကို လွှမ်းခြုံထားသော ဇာတ်ကြောင်းသည် ဘုရားသခင့် နိုင်ငံတော်ပင် ဖြစ်နေရသည်။ ထို့ကြောင့် တမန်တော် ဝတ္ထု၏ ပါဝင်အကြောင်းအရာကို ကျွန်ုပ်တို့ ဖော်ထုတ်ရာ၌ တမန်တော်များ ဦးဆောင်မှုအောက် နိုင်ငံတော် ဆက်လက် ကျယ်ပြန့်ပုံအပေါ် အထူး အာရုံစိုက်ကြပါမည်။

သက်သေများအဖြစ် အသုံးခံဖို့ ယေရုရှလင်တွင် ဦးစွာပထမ၊ ထို့နောက် မြေကြီးစွန်းတိုင်အောင် သတင်းကောင်း ဆင့်ဆို ဖြန့်ကျက်ဖို့ တမန်တော် ၁း၈ တွင် တမန်တော်တို့ထံ ယေရှု တာဝန်ကြီး အပ်နှင်းကာ ဩဝါဒပေးခဲ့သည်။ တမန်တော် ၁း၈ ပါ တမန်တော်များထံ ပြောဆိုသော ကိုယ်တော့် စကားများကို နားထောင်ကြည့်ပါ။

> သင်တို့အပေါ်သို့ သန့်ရှင်းသော ဝိညာဉ်တော် ဆင်းသက်သောအခါ သင်တို့သည် တန်ခိုးကို ခံရ၍ ယေရုရှလင်မြို့မှစသော ယုဒပြည်၊ ရှမာရိပြည်၊ မြေကြီးစွန်းတိုင်အောင် ငါ၏ သက်သေ ဖြစ်ကြလိမ့်မည် (တမန်တော် ၁း၈)။

ဤနေရာတွင် အသင်းတော်၏ သတင်းကောင်း ဝေငှ သက်သေခံရေးအတွက် ပထဝီဒေသဆိုင်ရာ နည်းဗျူဟာကို ယေရှုချမှတ်ပေးခဲ့သည်။ သန့်ရှင်းသော ဝိညာဉ်တော် တန်ခိုးပေးမှုအရ တမန်တော်တို့သည် သက်သေခံခြင်းအမှုကို ယေရုရှလင်မှာ အစပြုကြရမည် ဖြစ်သည်။ ထို့နောက် ယုဒပြည်နှင့် ရှမာရိပြည်များသို့၊ အဆုံးတွင် မြေကြီးစွန်းတိုင်အောင် သူတို့သွားလေရာရာ နိုင်ငံတော်ကို ကျယ်ပြန့်စေလျက် သတင်းကောင်းကို သူတို့ သယ်ဆောင်သွားကြရန် ဖြစ်သည်။

> "သင်တို့အပေါ်သို့ သန့်ရှင်းသော ဝိညာဉ်တော် ဆင်းသက်သောအခါ သင်တို့သည် တန်ခိုးကို ခံရ၍ ယေရုရှလင်မြို့မှစသော ယုဒပြည်၊ ရှမာရိပြည်၊ မြေကြီးစွန်းတိုင်အောင် ငါ၏ သက်သေ ဖြစ်ကြလိမ့်မည်" ဆိုသည့်တာဝန်သည် တမန်တော် ဝတ္ထု၏ အကျဉ်းချုပ် ဖော်ပြချက်ပင် ဖြစ်သည်။ ၎င်းသည် သန့်ရှင်းသော ဝိညာဉ်တော် ဆင်းသက်ခြင်း၊ ပေတရု တရားဟောခြင်းကြောင့် လူများ ထောင်ချီကာ ခရစ်တော်ကို ယုံကြည်ကြခြင်းတို့နှင့်အတူ ယေရုရှလင်မှာ အစပြုသည်။ သို့သော်ငြားလည်း နှိပ်ကွပ်မှုက အထင်အရှား ပေါ်လာသည်။ သတေဖန် ကွပ်မျက်ခံရသည်။ လူတို့ တကွဲတပြား ဖြစ်ကုန်ကြသည်။ ထို့ကြောင့် ထိုနေရာမှ ရှမာရိသို့၊ ထိုမှတဆင့် အခြားနေရာများသို့ သူတို့ သွားကြရသည်။ ရှမာရိသို့ သွားရောက်ခြင်းနှင့် စပ်လျဉ်း၍ ယုဒလူမျိုး တပည့်တော်တစ်ဦး သို့မဟုတ် ဧဝံဂေလိဆရာ သို့မဟုတ် သာသနာပြုတစ်ပါးက "ခရစ်တော်ထံ လူတို့ကို ပို့ဆောင်ဖို့ ရှမာရိပြည်ကို ကျွန်တော်သွားတော့မယ်" ဟု ပြောဖို့ ခက်ခဲလွန်းပါလိမ့်မည်။ ယောဟန်ခရစ်ဝင် အခန်းကြီး ၄ အရ ထိုနေရာသို့



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ယေရှု သွားခဲ့သော်လည်း ယုဒတို့ထက်ပင်ပို၍ နွေးထွေးသော လက်ခံကြိုဆိုမှုမျိုးကို သူတို့ထံမှ ယေရှုရခဲ့သည်။ ထိုသို့အားဖြင့် ရှမာရိ ပြီးသည့်နောက် မြေကြီးစွန်းတိုင်အောင် ဖြစ်တော့သည်။

**Dr. Rodney Orr**

ပထဝီအနေအထားအရ သက်သေ ကျယ်ပြန့်ရေး ယေရှုဆင့်ခေါ်ချက်ကို မဏ္ဍိုင်ပြုပြီး တမန်တော် ဝတ္ထုကို လုကာ ဖွဲ့စည်းကြောင်း ပညာရှင်အများ ရှုမှတ်ထားကြသည်။ ဤဖွဲ့စည်းမှုသည် အစောပိုင်း ကျွန်ုပ်တို့ ဖော်ထုတ်ခဲ့သော ပြင်ပ သတင်းကောင်း တိုးပွားမှုနှင့် ဆီလျော်ညီညွတ်မှု ရှိသည်။ ထို့ကြောင့် သူ့လက်ရာကို ကျွန်ုပ်တို့ ခြုံငုံလေ့လာရာ၌ ဤအလားတူ ပုံစံကို လိုက်နာကြပါမည်။

- ပထမဦးစွာ တမန်တော် ၁း၁-၈း၄ ပါ ယေရုရှလင်၌ သတင်းကောင်း ကြီးပွားပုံကို လုကာဖော်ပြသည့်နည်းအား ကျွန်ုပ်တို့ လေ့လာကြပါမည်။
- ဒုတိယအားဖြင့် ၈း၅-၁၁း၁၈ ပါ ယုဒပြည်နှင့် ရှမာရိပြည် ခြုံငုံနယ်မြေအတွင်း နိုင်ငံတော် ကြီးပွားမှုကို ကြည့်ကြပါမည်။
- တတိယအားဖြင့် ၁၁း၁၉-၂၈း၃၁ အတွင်း မြေကြီးစွန်းတိုင် သတင်းကောင်းကို အသင်းတော် ယူဆောင်သွားပုံအပေါ် ကျွန်ုပ်တို့ စူးစိုက်ကြပါမည်။ ဤနေရာတွင် ကြီးပွားမှု သီးခြား အဆင့် လေးဆင့်အပေါ် ကျွန်ုပ်တို့ စူးစိုက်ကြပါမည်။
    - ပထမဦးစွာ ဖိနိတ်၊ ကုပရု၊ ရှုရိ အန္တိအုတ် တို့၌ ကြီးပွားမှု ဖြစ်သည် (၁၁း၁၉-၁၂း၂၅)။
    - ဒုတိယအားဖြင့် ကုပရု၊ ပမ်ဖုလိ နှင့် ဂလာတိ တို့၌ ကြီးပွားမှု ဖြစ်သည် (၁၃း၁-၁၅း၃၅)။
    - တတိယအားဖြင့် အာရှိပြည်၊ မာကေဒေါနိပြည်၊ အခါယပြည်တို့၌ ကြီးပွားမှု ဖြစ်သည် (၁၅း၃၆-၂၁း၁၆)။
    - စတုတ္ထအားဖြင့် ယေရုရှလင်မှသည် ရောမမြို့သို့ ဖြစ်သည် (၂၁း၁၇-၂၈း၃၁)။

ရှေ့က ဖော်ပြခဲ့သည့် အတွင်းကြီးပွားမှုနှင့် အားပြိုင်လွန်ဆွဲမှု၊ ပြင်ပကြီးပွားမှုနှင့် ဆန့်ကျင်ခံရမှု ပုံစံများအပေါ် စူးစိုက်ရင်း အဆိုပါ ကဏ္ဍတစ်ခုချင်းစီကို ကျွန်ုပ်တို့ ပိုမို အသေးစိတ် ကျအောင် လေ့လာကြပါမည်။ တမန်တော် ၁း၁-၈း၄ ပါ တမန်တော်တို့ သတင်းကောင်း သက်သေခံခြင်းအားဖြင့် နိုင်ငံတော်ကို ယေရုရှလင်မှာ ထူထောင်ပုံနှင့် အစပြုကြပါစို့။

## ယေရုရှလင်(တမန်တော် ၁း၁-၈း၄)

ယေရုရှလင်သည် ဓမ္မဟောင်းထဲက ဘုရားသခင့် အထူးလူမျိုးတော် ဖြစ်သည့် ရှေးဣသရေလ၏ မင်းနေပြည်တော် ဖြစ်သည်။ ဓမ္မဟောင်း တလျှောက်လုံး မှာသာမက ယေရှု၏ အမှုတော်မှာပင်



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ဘုရားနိုင်ငံတော်အတွင်း အဓိက အခန်းကဏ္ဍမှ ပါဝင်ခဲ့သဖြင့် ၎င်းသည် ရှင်လုကာ မှတ်တမ်း၏ စမှတ်ဖြစ်ခဲ့သည်။ ထိုမျှမက သတင်းကောင်း ဖြန့်ကျက်ရာ၌ တမန်တော်တို့၏ သာသနာလုပ်ဆောင်မှုသည် ဤအထူး မြို့တော်ကြီးမှာ မြစ်ဖျားခံနေဆဲဖြစ်ကြောင်းပြသဖို့ ယေရုရှလင်မြို့ အဖြစ်အပျက်တို့အား တမန်တော် ဝတ္ထု အခြားနေရာများစွာမှာ လုကာ ဖော်ပြထားသေးသည်။ ယေရုရှလင်တွင် ဆင့်ဆိုသော သတင်းကောင်းအားဖြင့် နိုင်ငံတော် ကြီးပွားကြောင်း အဓိက ဇာတ်ကြောင်း ၄ ခုထဲ၌ လုကာ အစီရင်ခံခဲ့သည်။

- ပထမအားဖြင့် ဝိညာဉ်တော်ကို မျှော်လင့်စောင့်စားခြင်းနှင့် သွန်းလောင်းခြင်း (တမန် အခန်းကြီး ၁ နှင့် ၂)၊
- ဒုတိယအားဖြင့် ဗိမ္မာန်တော်တွင် ပေတရု ဟောသော ဒေသနာနှင့် နောက်ဆက်တွဲ နှိပ်ကွပ်ခံရခြင်း (တမန် အခန်းကြီး ၃ နှင့် ၄)၊
- တတိယအားဖြင့် အာနနိနှင့် ရှဖိရေ ဇာတ်ကြောင်းနှင့် နောက်ဆက်တွဲ နှိပ်ကွပ်ခံရခြင်း (တမန် အခန်းကြီး ၅)၊
- စတုတ္ထအားဖြင့် သင်းထောက်များ ရွေးချယ်ခြင်းနှင့် နောက်ဆက်တွဲ နှိပ်ကွပ်ခံရခြင်း (တမန် ၆း၁–၈း၄) တို့ဖြစ်ကြသည်။

အဆိုပါ ဇာတ်ကြောင်းများကြား၌ တမန်တော် အခန်းကြီး ၁ ပါ တမန်တော်များအား ခန့်အပ်တာဝန်ပေးခြင်းလို၊ အခန်းကြီး ၂ ပါ ပင်တေကုတ္တေနေ့ သန့်ရှင်းသော ဝိညာဉ်တော် ဆင်းသက်ခြင်းလို၊ အခန်းကြီး ၃၊ ၄ နှင့် ၅ ပါ အထူးသဖြင့် ယေရုရှလင်တွင် ပေတရု ပြုသော တန်ခိုးပြာဋိဟာ ကြုံတွေ့ခံစားခြင်းလို ယေရုရှလင်မှာ ဖြစ်ပျက်သည့် အများသိ အဖြစ်အပျက်များစွာ ပေါ်ပေါက်သည်။

တချိန်တည်းမှာပင် တမန်တော် အခန်းကြီး ၁ ထဲကလို ဒွါဒသမမြောက် တမန်တော် မည်သူဖြစ်လာသင့်သည် ဆိုသည့် မေးခွန်း၊ အခန်းကြီး ၅ ထဲက အာနနိနှင့် ရှဖိရေတို့၏ အလှူငွေ လိမ်လည်လှည့်ဖျား ဖော်ပြခြင်း၊ အခန်းကြီး ၆ ထဲက ဟေလေနစ် စကားပြော မုဆိုးမများကို ခွဲခြားဆက်ဆံခြင်းများ အပါအဝင် နည်းပေါင်းစုံဖြင့် ခရစ်ယာန်လူ့အဖွဲ့အစည်းအတွင်း အားပြိုင် လွန်ဆွဲမှုများကိုလည်း ကျွန်ုပ်တို့ တွေ့ကြရသည်။

ထို့ထက်ပို၍ ဆိုပါလျှင် ယေရုရှလင်တွင် သတင်းကောင်း သက်သေခံခြင်းအကြောင်း လုကာမှတ်တမ်းသည် ပြင်ပကြီးပွားမှုနှင့် ဆန့်ကျင်ခံရမှု ပုံစံကို ယူထားသည်။ သာဓကအားဖြင့် ပင်တေကုတ္တေနေ့တွင် တမန်တော် ၂ ပါ ကနဦးအသင်းတော်ထဲသို့ လူ ၃၀၀၀ ခန့် သင်းဝင် လာကြသည်။ အခန်းကြီး ၅ အတွင်း ယောဟန်နှင့် ပေတရုတို့ ထောင်ကျချိန်တွင် သင်းဝင်သူ အရေအတွက်သည် ၅၀၀၀ ခန့်ထိ တိုးလာသည်။ အခန်းကြီး ၆ တွင် ယုဒ ယဇ်ပုရောဟိတ်များစွာလည်း သင်းဝင်သူ ဖြစ်လာကြသည်။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

သို့တစေ ကျွန်ုပ်တို့ အကြံပြုပြီးခဲ့သလို ဤပြင်ပကြီးပွားမှုသည် တမန်တော် အခန်းကြီး ၅ အတွင်း ပေတရုနှင့် ယောဟန်တို့ အဖမ်းအဆီး ခံရမှု၊ ရိုက်နှက်ခံရမှုကဲ့သို့သော မယုံကြည်သူတို့၏ အခိုင်အမာ ဆန့်ကျင်မှုများနှင့် ယှဥ်တွဲချပြထားလေ့ရှိသည်။

အတွင်း အားပြိုင် လွန်ဆွဲမှုနှင့် ပြင်ပ ဆန့်ကျင်မှုတို့သည် ပွင့်သစ်စ အသင်းတော်ကို စိတ်အားလျော့စေခဲ့လိမ့်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ခဲ့နိုင်ပါသည်။ သို့သော် အမှန်တွင် သန့်ရှင်းသော ဝိညာဉ်တော် တန်ခိုးအောက် ပြောင်းပြန် ဖြစ်ပျက်ခဲ့သည်။ သတင်းကောင်း သက်သေခံခြင်းသည် အဆုံးသတ်တွင် မည်သည့်အရာကြောင့်မျှ တိုးတက်မှု ပိတ်ပင်တားဆီးခြင်း မခံရဘဲ အားနှင့်အင်နှင့် ခရီးဆက်နိုင်ခဲ့သည်။

တမန်တော် ဝတ္ထု၏ ဒုတိယ အရေးကြီး ကဏ္ဍမှာ တမန် ၈း၅-၁၁း၁၈ ပါ ယုဒပြည်နှင့် ရှမာရိပြည် ခြုံငုံဧရိယာအတွင်း အသင်းတော်၏ သတင်းကောင်း သက်သေခံခြင်း အပေါ် စူးစိုက်ထားသည်။

## ယုဒပြည်နှင့် ရှမာရိပြည် (တမန် ၈း၅-၁၁း၁၈)

ယုဒပြည်နှင့် ရှမာရိပြည်တို့သည် ဓမ္မဟောင်းတွင် ဣသရေလသို့ ပေးအပ်ထားသော ကတိတော်နယ်မြေ၏ တောင်ပိုင်းနှင့် မြောက်ပိုင်းတို့ကို အကြမ်းဖျင်း ကိုယ်စားပြုသည်။ ကောင်းကင် မတက်ကြွမီ ယေရှုကိုယ်တိုင် ယင်းဒေသများ၌ ဒေသစာရီ ကြွချီ သာသနာပြုခဲ့ပြီး ဖြစ်သည်။ ယုဒပြည်နှင့် ရှမာရိပြည်ကို လုကာ ခြုံငုံ စူးစိုက်ထားသော ဇာတ်ကြောင်းအား အရေးပါသည့် အသုတ် လေးသုတ် ထပ်ခွဲနိုင်သည်။

- တမန်တော် ၈း၅-၄၀ ပါ ဖိလိပ္ပု၏ သာသနာ၊
- တမန်တော် ၉း၁-၃၁ ပါ ပေါလု ခေါ် ရှောလု၏ ပြောင်းလဲခြင်၊
- တမန်တော် ၉း၃၂-၄၃ ပါ ပေတရု၏ လုဒ္ဒ နှင့် ယုပ္ပေ သာသနာ၊
- တမန်တော် ၁၀း ၁-၁၁း၁၈ ပါ ကဲသရိမြို့ရှိ တပါးအမျိုးသား ကော်နေလိ ထံ ပေတရုပြုသော သာသနာ တို့ဖြစ်ကြသည်။

အဆိုပါ ဇာတ်လမ်းတို့က အသင်းတော် အတွင်းကြီးပွားမှုဆီ အာရုံစိုက်စေသည်။ သာဓကအားဖြင့် တမန်တော် ၈ အရ ယုံကြည်သူသစ်များ သန့်ရှင်းသော ဝိညာဉ်တော်နှင့် ပြည့်ဝမှုနှင့်အတူ အသင်းတော် ခရီးဆက်ခြင်း၊ တမန်တော် ၉ တွင် ပေါလု ပြောင်းလဲပြီးနောက် တမန်တော် ဖြစ်လာခြင်း၊ တမန်တော် ၁၀ တွင် ယုံကြည်သူ တပါးအမျိုးသားတို့ သန့်ရှင်းသော ဝိညာဉ်တော်ကို ရရှိကြခြင်းတို့ ဖြစ်ကြသည်။

အဆိုပါ အဖြစ်အပျက်များကို ယှဥ်တွဲ ချိတ်ဆက်ထားသည့်ကြားမှာပင် အသင်းတော်အတွင်း အားပြိုင် လွန်ဆွဲမှုလည်း ဖြစ်တည်လာသည်။ သာဓကအားဖြင့် တမန်တော် ၈ တွင် အချို့သော ယုံကြည်သူတို့ သန့်ရှင်းသော ဝိညာဉ်တော်ကို မရသေးဘဲ ဖြစ်နေသဖြင့် မေးခွန်းထုတ်လာကြသည်။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

တမန်တော် ၈ ထဲမှာပင် နတ်ဆရာ ရှိမုန်က သန့်ရှင်းသော ဝိညာဉ်တော် တန်ခိုးကို တမန်တော်များထံမှ ငွေနှင့်ဝယ်ရန် ကြိုးစားလာသည်။

အခြားတဖက်တွင်လည်း ပြင်ပကြီးပွားမှုနှင့် ဆန့်ကျင်ခံရမှုတို့ ဆက်လက်ဖြစ်ပေါ်နေသည်။ သာဓကအားဖြင့် တမန်တော် ၈ အရ ယုဒပြည်နှင့် ရှမာရိပြည်တို့တွင် ဖိလိပ္ပု၏ ဧဝံဂေလိသာသနာ အားဖြင့် ပြောင်းလဲလာသူများကြောင့် အသင်းတော်သည် အရေအတွက် များပြား ကြီးပွားလာသည်။ တဖန် တမန်တော် ၉ ၌ ရှောလုပြောင်းလဲပြီး တမန်တော် ၁၀ တွင် ကော်နေလိ အပါအဝင် တပါးအမျိုးသားများစွာ ပြောင်းလဲလာကြသည်။

သို့တစေ ဤကြီးပွားမှုသည် မယုံကြည်သူတို့၏ ဆန့်ကျင်မှုမှ လွတ်လွတ်ကင်းကင်း ဖြစ်ပေါ်ခဲ့သည်ကား မဟုတ်ပေ။ သာဓကအားဖြင့် တမန်တော် ၉ ၌ ရှောလု မပြောင်းလဲမီတွင် ယုံကြည်သူတို့ကို သူညှဉ်းဆဲခဲ့သေးသည်။ ယုဒလူ အချို့ကလည်း သူပြောင်းလဲပြီးနောက် သူ့အား လုပ်ကြံသတ်ဖြတ်ဖို့ ကြိုးစားခဲ့သေးကြောင်း တမန်တော် ၉ ထဲမှာ တွေ့ရသည်။ တဖန် အတွင်း အားပြိုင်လွန်ဆွဲမှုနှင့် ပြင်ပ ဆန့်ကျင်မှုတို့သည် အသင်းတော်ကို အဆုံးသတ် တားဆီး ပိတ်ပင်နိုင်ခြင်း မရှိခဲ့ပေ။ ထိုအစား သန့်ရှင်းသော ဝိညာဉ်တော်သည် အဆိုပါ စိမ်ခေါ်မှုများကို အသုံးချပြီး အသင်းတော် ဆက်လက် ရင့်ကျက်လာအောင်၊ အရေအတွက်အားဖြင့် ပွားများလာအောင် ပို့ဆောင်ပေးခဲ့သည်။

တမန်တော် ဝတ္ထု၏ တတိယ အရေးပါသည့် ကဏ္ဍသည် ထိုအချိန်ကာလ လူအများ သဘောပေါက်ထားကြသည့် "မြေကြီးစွန်း" တိုင်အောင် ကတိတော်မြေ နယ်နိမိတ်စည်းကို ကျော်ကာ သတင်းကောင်း မည်သို့ ကျယ်ပြန့်သွားကြောင်း ဖော်ပြသည်။ ဖော်ပြခဲ့ပြီး ဖြစ်သလို ဤကဏ္ဍကို ကျွန်ုပ်တို့ ပိုမိုအနုစိတ် လေ့လာကြပါမည်။ ၁၁း၁၉-၁၂း၂၅ ပါ ဖိနိတ်၊ ကုပရု၊ ရှုရိ အန္တိအုတ်တို့၌ သတင်းကောင်း မည်သို့ ရှေ့ဆက်တိုးတက်ကြောင်းနှင့် စကြပါမည်။

## မြေကြီးစွန်း   ဖိနိတ်၊ ကုပရု နှင့် အန္တိအုတ် (၁၁း၁၉-၁၂း၂၅)

ဤကဏ္ဍသည် ယုဒပြည်၊ ရှမာရိပြည်နယ်နိမိတ်ကို ကျော်လွန်ပြီး အနီးအနား တပါးအမျိုးနေရာ ဖိနိတ်၊ ကုပရု၊ ရှုရိ အန္တိအုတ် ဒေသများသို့ သတင်းကောင်း ပထမဆုံး အကြိမ် ထူးခြားအရေးပါစွာ တိုးချဲ့ရောက်ရှိပုံနှင့် ပတ်သက်သည်။ တမန်တော် ဝတ္ထု ဤအစိတ်အပိုင်းကို အဓိက နှစ်ပိုင်း ခွဲနိုင်သည်။

- ၁၁း၁၉-၃၀ ပါ ရှုရိ အန္တိအုတ်သို့ သတင်းကောင်း တိုးချဲ့ ရောက်ရှိခြင်းနှင့်
- ၁၂း၁-၂၅ ပါ ယေရုရှလင်ထောင်မှ ပေတရု အံ့သြဖွယ် လွတ်မြောက်ခြင်း တို့ ဖြစ်ကြသည်။

အတွင်းကြီးပွားမှုနှင့် အားပြိုင်လွန်ဆွဲမှုတို့ ဤနေရာ၌ ဆက်ဖြစ်ပေါ်သည်မှာ အံ့အားသင့်စရာ မဟုတ်ပါ။ သာဓကအားဖြင့် တမန်တော် ၁၁ အရ ဗာနဗနှင့် ရှောလုတို့က ယုံကြည်သူသစ် အမြောက်အများကို သွန်သင်ခဲ့ကြပြီး အခန်းကြီး ၁၂ တွင် ပေတရု ထောင်မှ အံ့ဖွယ်လွတ်မြောက်ခြင်းကြောင့် အသင်းတော် အားတက်ခဲ့သည်။ သို့သော် အားပြိုင်လွန်ဆွဲမှုတို့ ဆက်နွယ် ဖြစ်ပေါ်လာသည်မှာလည်း အမှန်ပါပေ။ သာဓကအားဖြင့် တမန်တော် ၁၁ အရ



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

အချို့ယုံကြည်သူတို့သည် ယုဒလူတို့ကြားမှာသာ သတင်းကောင်း ဝေငှကြပြီး အခြားသူတို့မှာမူ ဟေလသလူတို့ထံ သွားကြသည်။ ကနဦးတွင် တမန်တော် ၁၂ အရ ပေတရု ထောင်မှ အံ့ဖွယ် လွတ်မြောက်လာသည်ကို သံသယရှိသော ယုံကြည်သူအများ ရှိခဲ့ကြသည်။

ဤအပိုင်းကဏ္ဍထဲတွင်လည်း ပြင်ပကြီးပွားမှုနှင့် ဆန့်ကျင်ခံရမှု ပုံစံအပေါ် လုကာ အလေးပေးခဲ့သည်။ သာဓကအားဖြင့် အခန်းကြီး ၁၁ ထဲတွင် ဗာနဗနှင့် အခြားသူတို့၏ အောင်မြင်သော ဧဝံဂေလိ သာသနာအားဖြင့် ပြင်ပကြီးပွားမှု ဖြစ်ခဲ့ကြောင်း သူရေးခဲ့သည်။ သို့သော် ဤကြီးပွားမှုသည်လည်း ဆန့်ကျင်ခံရမှုနှင့် မလွတ်ခဲ့ပေ။ ဤနှိပ်ကွပ်မှု၌ တမန်တော် ၁၂ ပါ ယာကုပ် အသတ်ခံရခြင်း၊ ပေတရု အကျဉ်းကျခြင်းတို့ ပါရှိသည်။

> ပေတရု အဖမ်းမခံမီကပင် အမှန်စင်စစ် စခဲ့သည့် ဇာတ်ကြောင်းတစ်ခုကို တမန်တော် ၁၂ ထဲမှာ တွေ့ရသည်။ ၎င်းသည် ဒုတိယမြောက် မာတုရ ဖြစ်သည့် ယာကုပ်ကို ဟေရုဒ်က ဖမ်းဆီးကွပ်မျက်မှု နှင့် အစပြုသည်။ ယာကုပ် အဖမ်းခံရပြီး မာတုရဖြစ်ရသည့်အပေါ် ကျွန်ုပ်တို့အား လုကာက ဖော့မတွေးစေလိုပါ။ ပြောမည်ဆိုလျှင် တမန်တော်များနှင့် သတင်းကောင်း တိုးချဲ့ဖြန့်ကျက်မှုအား သူ ကိုင်တွယ်ရန် လိုအပ်လာသည့်၊ သူ့ကို ဆန့်ကျင်မည့် နိုင်ငံရေး ကိစ္စ တစ်ခုအဖြစ် ဟေရုဒ်က ရှုမြင်ကြောင်း၊ သို့ဖြစ်၍ သတင်းကောင်း တိုးချဲ့ဖြန့်ကျက်လာမှုအတွက် အဓိက တာဝန်ရှိသူ ခေါင်းဆောင် တမန်တော်များကို သူ နှိပ်ကွပ်လိုခြင်း ဖြစ်ကြောင်း လုကာက ကျွန်ုပ်တို့အား သိစေချင်သည် ဆိုသည်ကို ယာကုပ် ကွပ်မျက်ခံရပုံမှာ ဓားဖြင့် ဟု ဖော်ပြချက်အရ ကျွန်ုပ်တို့ အလွယ်သိနိုင်သည်။ သို့ဖြစ်ပါက ခေါင်းဆောင် တမန်တော်များကို ကွပ်မျက်ခြင်းဖြင့် ဝမ်းမြောက်ဖွယ် သတင်းကောင်း တိုးချဲ့ဖြန့်ကျက်မှုကို သူရပ်တန့်နိုင်မည် ဖြစ်သည်။ ထို့နောက် ပေတရု အဖမ်းခံရကြောင်း၊ ပေတရုကို ကောင်းကင်တမန်က လာကယ်ထုတ်သည်ဖြစ်၍ အံ့ဖွယ်လွတ်မြောက်ကြောင်း ကျွန်ုပ်တို့ သိရသည်။ သို့သော် ဤအရာသည် အမှန်စင်စစ် အစသာဖြစ်ကြောင်း၊ ဤအရာသည် ဆန့်ကျင်ခံရမှုဖြစ်ကြောင်း၊ တမန်တော်များ ဆက်လက်ရင်ဆိုင်ကြရမည့် အရာလည်း ဖြစ်ကြောင်း ကျွန်ုပ်တို့ မြင်လွယ်စေဖို့ လုကာ ဂရုစိုက်သည်။ ဤအရာသည် ပေတရုနှင့် အခြားသူများ ဆက်လက် ရင်ဆိုင်ရမည့် ဆန့်ကျင်ခံရမှု ဖြစ်ပြီး ခက်ခဲမည်လည်း ဖြစ်သည်။

**Mr. Josiah Katumu**

သို့သော် အားပြိုင်လွန်ဆွဲမှုနှင့် ဆန့်ကျင်ခံရမှုများ ရှိလင့်ကစား သတင်းကောင်း သက်သေခံမှုသည် အဆုံးသတ် တားဆီး ပိတ်ပင်ခံရခြင်း မရှိခဲ့ပါ။ အသင်းတော်၏ ဧဝံဂေလိ နှင့် တပည့်တော် မွေးထုတ်ခြင်း သာသနာကို သန့်ရှင်းသော ဝိညာဉ်တော်က ဆက်လက်



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ကောင်းချီးပေးခဲ့သည်။ ဝိညာဉ်တော်အားဖြင့် အသင်းတော်သည် လူမျိုးရေး အကွဲအပြဲနှင့် နှိပ်ကွပ်မှုများကို ကျော်လွှားနိုင်ခဲ့သည်။ ပေတရုသည်လည်း ထောင်မှ အံ့ဖွယ်လွတ်မြောက်ခဲ့သည်။ သတင်းကောင်း သွားရာလမ်းတွင် မည်သည့် အဆီးအတားများ ပိတ်ကာနေပါစေ၊ ၎င်းသည် ရှေ့သို့သာ ဆက်လှမ်းချီခဲ့သည်။

သူ၏ စတုတ္ထ အရေးပါသော အပိုင်းကဏ္ဍ ဖြစ်သည့် တမန်တော် ၁၃း၁-၁၅း၃၅ တွင် ကုပရု၊ ပမ်ဖုလိ၊ ဂလာတိ ပြည်တို့အတွင်း သတင်းကောင်း တိုးချဲ့ပျံ့နှံ့မှုအကြောင်း လုကာ ဖော်ပြသည်။

## မြေကြီးစွန်း   ကုပရု၊ ပမ်ဖုလိ နှင့် ဂလာတိ(၁၃း၁-၁၅း၃၅)

ဤအပိုင်းကဏ္ဍတွင် သတင်းကောင်းသည် ယေရုရှလင်၊ ယုဒပြည်၊ ရှမာရိပြည်မှ နောက်ထပ် ရွေ့လျားကာ အာရှမိုင်းနား အရှေ့ပိုင်း ဒေသများထိတိုင်အောင် ဆန့်ထွက်သွားသည်။ တမန်တော် ဝတ္ထု ဤအပိုင်း ကဏ္ဍကို အရေးပါသော အစိတ်အပိုင်း နှစ်ခုအဖြစ် ခွဲနိုင်သည်။

- တမန်တော် ၁၃း၁-၁၄း၂၈ ပါ ရှင်ပေါလု၏ သာသနာပြု ပထမခရီးစဉ် နှင့်
- တမန်တော် ၁၅း၁-၃၅ ပါ ယေရုရှလင် ကောင်စီ တို့ ဖြစ်ကြသည်။

သူချထားသော နည်းဗျူဟာအရ အတွင်း ကြီးပွားမှုနှင့် အားပြိုင်လွန်ဆွဲမှု ပုံစံကို ဤကဏ္ဍအပိုင်းမှာလည်း လုကာ ထင်ဟပ်ပြထားသည်။ တမန်တော် ၁၄ ပါ ဂလာတိ အသင်းတော်များအား ပေါလု ခိုင်ခံ့စေခြင်း၊ တမန်တော် ၁၅ ပါ တပါးအမျိုး ပြောင်းလဲလာသူတို့ထံ အရေဖျားလှီး မင်္ဂလာ မတောင်းဆိုရေး ယေရုရှလင်ကောင်စီ ဆုံးဖြတ်ချက် ကဲ့သို့သော အရေးအရာများအားဖြင့် အတွင်းကြီးပွားမှု ဖြစ်ပေါ် ခဲ့ကြောင်း သူညွှန်ပြသည်။

အတွင်း အားပြိုင်လွန်ဆွဲမှုအကြောင်း ဤကဏ္ဍထဲမှာ လုကာ ဖော်ပြထားသည်။ အထူးသဖြင့် တပါးအမျိုး ပြောင်းလဲသူတို့နှင့် ဆက်နွယ်ဖြစ်ပေါ်သော လက်တွေ့အခက်အခဲများ အကြောင်း သူရေးထားသည်။ သာဓကအားဖြင့် အရေဖျားလှီးမင်္ဂလာနှင့် ယုဒ အစဉ်အလာအရ ယုဒလူတို့ စားအပ်/မစားအပ် နှင့်ဆိုင်သည့် တင်းကြပ်သည့် ပညတ်များအပေါ် ယုဒယုံကြည်သူများနှင့် တပါးအမျိုး ယုံကြည်သူတို့ကြား အားပြိုင်လွန်ဆွဲမှု ဖြစ်ခဲ့ကြောင်း တမန်တော် အခန်းကြီး ၁၅ တွင် တွေ့ရသည်။

ပြင်ပ ကြီးပွားမှုနှင့် ဆန့်ကျင်ခံရမှုတို့နှင့် စပ်လျဉ်းပြီး တမန်တော် ၁၄ ထဲ အစီရင်ခံထားသလို ရှင်ပေါလု၏ သာသနာ ပထမခရီးစဉ်ကြောင့် ဖြစ်ပေါ်သည့် အရေအတွက် ကြီးပွားမှုကဲ့သို့သော အကြောင်းအရာများစွာကို လုကာ ဖော်ညွှန်းခဲ့သည်။ သို့သော် ဤကြီးပွားမှုနှင့်အတူ ဆန့်ကျင်ခံရမှုကလည်း ယခင်အတိုင်း လိုက်ပါလာခဲ့သည်။ သာဓကပြရလျှင် မယုံကြည်သူ ယုဒလူတို့က ပေါလုနှင့် ဗာနဗတို့ကို အကြိမ်ကြိမ် နှောင့်ယှက်ပြီး ငြင်းပယ်လွှတ်ကြသည်။ တမန်တော် ၁၄ အရ အထူးသဖြင့် လုတ္တရ၊ ဣကောနိ၊ အန္တိအုတ်တို့မှာ ကြုံရသည်။ ထိုသို့ဖြစ်လင့်ကစား သန့်ရှင်းသော ဝိညာဉ်တော်သည် အသင်းတော်ကို ရှေ့သို့သာ လှမ်းစေခဲ့ပြီး သူ့လူတို့၏ လမ်းခရီးရှိ ဆူးပြောင့်မှန်သမျှကို ဆက်လက် ကျော်လွှားစေခဲ့သည်။ ရပ်တန့်၍ မရနိုင်သော သတင်းကောင်းသည် ဘုရားသခင့် အကြံအစည်တော်များ ပြီးမြောက်အောင်မြင်ရေးဆီ ခရီးဆက်ခဲ့သည်။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

တမန်တော် ၁၅း၃၆-၂၁း၂၆ သည် တမန်တော် ဝတ္ထု၏ ပဥ္စမမြောက် အရေးပါသည့် ကဏ္ဍ ဖြစ်သည်။ ရောမ အင်ပါယာ ပြည်နယ်များဖြစ်ကြသည့် အာရှ၊ မာကေဒေါနိ၊ အခါယ ပြည်များတိုင်အောင် သတင်းကောင်း သက်သေ တိုးချဲ့ရောက်ရှိကြောင်း ဤအပိုင်းတွင် ပါရှိသည်။

## မြေကြီးစွန်း   အာရှ၊ မာကေဒေါနိ နှင့် အခါယ(၁၅း၃၆-၂၁း၁၆)

တမန်တော် ဤအစိတ်အပိုင်းသည် ရှင်ပေါလု၏ သာသနာ ဒုတိယနှင့် တတိယ ခရီးစဉ်များအပေါ် စူးစိုက်ထားသည်။ အဆိုပါ ခရီးစဉ်များအတွင်း ယခင်သွားခဲ့သလို အာရှမိုင်းနား အရှေ့ပိုင်းကို ဖြတ်၍ ပေါလုခရီးသွားခဲ့ပြီး ထို့နောက်တွင် အာရှမိုင်းနား အနောက်ပိုင်းရှိ အာရှပြည်ထိ တိုင်အောင် ဆက်သွားခဲ့သည်။ ထို့နောက် အေဂျီယန် ပင်လယ်ကို ဖြတ်ကာ ယနေ့ ဂရိနိုင်ငံ ဖြစ်သည့် မာကေဒေါနိနှင့် အခါယမြို့ကြီးများဆီသို့ သွားရောက်ခဲ့သည်။ ဤကဏ္ဍကို နှစ်ပိုင်း ခွဲနိုင်သည်။

- တမန်တော် ၁၅း၃၆ မှ ၁၈း၂၂ ထိ ပေါလု၏ သာသနာ ဒုတိယခရီးစဉ် နှင့်
- တမန်တော် ၁၈း၂၃ မှ ၂၁း၁၆ အထိ သာသနာ တတိယ ခရီးစဉ် တို့ ဖြစ်ကြသည်။

ယခုအချိန် ရင်းနှီးနေလောက်ပြီဖြစ်သည့် ပုံစံအတိုင်း အဆိုပါ အခန်းကြီးများကလည်း အတွင်းကြီးပွားမှုနှင့် လွှန်ဆွဲအားပြိုင်မှုကြား ဆက်နွယ်မှုကို အလေးပေးထားသည်။ ဤနေရာတွင် တမန်တော် ၁၈ အတွင်း အာကုလ၊ ပြစ်ကိလ မောင်နှံက အာပေါလုအား သွန်သင်ပုံ၊ တမန်တော် ၁၉ ပါဖေက် တရားဇရပ်များနှင့် တုရန္နု ၏ စာသင်ဇရပ် တို့၌ ရှင်ပေါလု တိုးချဲ့ သင်ကြားမှု ပြုပုံကဲ့သို့သော အတွင်း ကြီးပွားမှု သာဓကများစွာကို ကျွန်ုပ်တို့တွေ့ရသည်။ ဟုတ်ပါသည်။ ဤ အတွင်းကြီးပွားမှု နှင့်အတူ အားပြိုင်လွှန်ဆွဲမှု အများအပြားလည်း လိုက်ပါလာကြသည်။ သာဓကအားဖြင့် တမန်တော် ၁၅ ၌ မာကု ကို အကြောင်းပြုပြီး ပေါလုနှင့် ဗာနဗတို့ လမ်းခွဲကာ တသီးတခြား ခရီးဆက်မှု ရှိခဲ့သည်။ တမန်တော် ၂၀ တွင် သဘောထား ဆိုးညစ်သည့် အသင်းတော် ခေါင်းဆောင်များကို ဂရုပြုရှောင်ရှားဖို့ အသင်းတော်အား ပေါလု သတိပေးခဲ့သည်။

ပြင်ပ ကြီးပွားမှုနှင့် ဆန့်ကျင်ခံရမှုများအကြောင်းလည်း ကျွန်ုပ်တို့ ဖတ်ရပါသည်။ သာဓကအားဖြင့် ပေါလုအားဖြင့် ပြောင်းလဲသူများစွာ၏ အသက်တာမှာရင်း၊ တမန်တော် ၁၅-၂၁ အတွင်း ပေါလု စိုက်ပျိုးခဲ့သော အသင်းတော်များမှာရင်း၊ ပြင်ပကြီးပွားမှုကို တွေ့ရသည်။ သို့သော် ဒေါသထွက်နေသော လူအုပ်ကြီးက ပေါလုကို သတ်ဖို့ ကြိုးစားမှုမျိုးလို၊ ပေါလုကို သတ်ရန် ယုဒ မျက်ကန်း မျိုးချစ်တို့က တမြို့ပြီး တမြို့ သူ့နောက် တကောက်ကောက် လိုက်မှုမျိုးလို ဆန့်ကျင်ခံရမှုများကိုလည်း တမန်တော် အခန်းကြီး ၁၇ နှင့် ၂၀ တို့မှာ တွေ့ရသည်။ တဖန် ကမ္ဘာတလွှား ဧဝံဂေလိတရား ထိရောက်စွာ ပျံ့နှံ့ကြောင်းကိုလည်း လုကာ ပြဆိုခဲ့သည်။ အတွင်း အားပြိုင် လွှန်ဆွဲမှုများနှင့် ပြင်ပ ဆန့်ကျင်မှုတို့သည် အမြဲတစေ ကြုံရသည့် စိမ်ခေါ်မှုများ ဖြစ်လင့်ကစား သန့်ရှင်းသော ဝိညာဉ်တော် တန်ခိုးခံရသည့် သတင်းကောင်း သက်သေခံခြင်း သာသနာ တိုးပွားမှုကို ရပ်တန့်ပစ်နိုင်ခြင်း မရှိခဲ့ပေ။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

နောက်ဆုံးအားဖြင့် လုကာ ဇာတ်ကြောင်း၏ ပဋ္ဌမမြောက် အရေးပါသည့် အစိတ်အပိုင်းမှာ တမန်တော် ၂၁း၁၇-၂၈း၃၁ ပါ ယေရှုရှလင်မှ ရောမမြို့တိုင် သတင်းကောင်း သက်သေခံသည့်အပေါ် အာရုံစိုက်ထားသည်။

## မြေကြီးစွန်း ယေရှုရှလင်မှသည် ရောမမြို့(၂၁း၁၇-၂၈း၃၁)

ယေရှုရှလင်မှသည် ရောမမြို့တိုင် သတင်းကောင်းကို ပေါလု ဖြန့်ကျက်ခဲ့ရာ၌ အဖမ်းအဆီး ခံရမှု၊ အကျဉ်းကျမှုတို့ အပါအဝင် သာသနာခရီးစဉ် တစ်ခုလုံး အပေါ် ဤကဏ္ဍက စူးစိုက်ထားသည်။ အဆိုပါ အကြောင်းအရာတို့ကို ကဏ္ဍကြီး လေးခု အဖြစ် အကြမ်းဖျင်း ခွဲခြားနိုင်သည်။

- တမန်တော် ၂၁း၁၇-၂၃း၁၁ အထိ ယေရှုရှလင်၌ ပေါလု၏ နောက်ဆုံး သက်သေခံချက်၊
- ၂၃း၁၂-၂၆း၃၂ အထိ ပေါလု အကျဉ်းကျခြင်း၊
- ၂၇ ံး၁-၂၈း၁၄ အထိ ရောမသို့ ပေါလု၏ ခရီးကြမ်း နှင့်
- ၂၈း၁၅-၃၁ အထိ ရောမတွင် ပေါလု၏ သက်သေခံခြင်း တို့ ဖြစ်ကြသည်။

ကျွန်ုပ်တို့ မျှော်လင့်သည့်အတိုင်း အဆိုပါ အခန်းကြီးတို့တွင် တွေ့ပြီးသား အတွင်းကြီးပွားမှုနှင့် အားပြိုင်လွန်ဆွဲမှုပုံစံကို ပြန်တွေ့ရသည်။ တမန်တော် အခန်းကြီး ၂၁ အတွင်း တပါး အမျိုးသားများစွာ ယုံကြည်လာကြောင်း ကြားရသဖြင့် ယေရှုရှလင် ယုံကြည်သူများ ဝမ်းမြောက်ကြပုံမျိုးလို၊ တမန်တော် အခန်းကြီး ၂၁ နှင့် ၂၂ အတွင်း သတင်းကောင်း တိုးချဲ့ဖြန့်ကျက်ရေး အတွက်ဆိုလျှင် ပေါလုနှင့် အပေါင်းအဖော်များမှာ သေသည်အထိ ဆင်းရဲခံလိုစိတ် ရှိပုံမျိုးလို အကြောင်းအရာများ ပါဝင်သည့် အတွင်းကြီးပွားမှု အထောက်အထား အတော်များများကို ကျွန်ုပ်တို့ တွေ့ရသည်။ သို့သော် တမန်တော် အခန်းကြီး ၂၁ အတွင်း ယုဒ ယုံကြည်သူတို့အား သူတို့၏ အစဉ်အလာများ စွန့်လွှတ်ဖို့ ပေါလု သွန်သင်နေသည် ဆိုသည့် မဟုတ်မမှန် ကောလာဟလများလို၊ ယေရှုရှလင် အသင်းတော်မှာ သူရှိနေခြင်းကြောင့် ဖြစ်ရသည့် နောက်ဆက်တွဲ အားပြိုင်လွန်ဆွဲမှုလို အရာတို့ကလည်း ဤအတွင်းကြီးပွားမှုနှင့်အတူ အတူလိုက်ပါလာခဲ့ကြောင်း ကျွန်ုပ်တို့ တွေ့ရသည်။

အပြင်ကြီးပွားမှုနှင့် ဆန့်ကျင်ခံရမှုပုံစံကိုလည်း ကျွန်ုပ်တို့ မြင်ရပါသည်။ ဤအတောအတွင်း အသင်းတော်သည် ပြင်ပကြီးပွားမှု၌ ကြီးမားသော ခြေလှမ်းများ လှမ်းနိုင်ခဲ့ကြောင်း လုကာ မှတ်တမ်းတင်ခဲ့သည်။ သာဓကအားဖြင့် တမန်တော် ၂၃-၂၆ နှင့် ၂၈ တို့အတွင်း ပေါလုသည် အဆင့်မြင့် အရာရှိကြီး များစွာထံ သတင်းကောင်း ဆင့်ဆိုနိုင်ခဲ့သည်။ ရောမမြို့မှာလည်း အဆီးအတားမရှိ ဟောပြောခဲ့သည်။ သို့သော် ပေါလု အဖမ်းအဆီးခံရခြင်း၊ တမန်တော် ၂၄ အတွင်း ရောမအစိုးရ၏ လေးနှစ်တာ အချုပ်အနှောင်ခံရခြင်း၊ တမန်တော် ၂၈ အတွင်း ပေါလုအကျဉ်းကျခြင်းတို့ပါဝင်သည့် အပြင်းအထန် ဆန့်ကျင်မှုတို့သည် ဤကြီးပွားမှုနှင့် အတူလိုက်ပါလာကြောင်းကိုလည်း လုကာ ညွှန်ပြခဲ့သည်။

ရောမမြို့၌ ပေါလု တွေ့ကြုံရမှုတို့သည် ကနဦးအသင်းတော် ရင်ဆိုင်ရသော လွန်ဆွဲ အားပြိုင်မှုများ၊ ဆန့်ကျင်ခံရမှုများကိုသာမက ရပ်တန့်ဖို့ မဖြစ်နိုင်သည့် သတင်းကောင်း အကြောင်းကိုပါ



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

မီးမောင်းထိုးပြသည်။ ပေါလုကို ရောမတို့က အကျဉ်းချထားချိန်မှာပင် "အဘယ်သူမျှ မမြစ်တားဘဲ အတိအလင်း" ဆက်လက် ဟောပြောနေခဲ့သည်။ သတင်းကောင်းသည်လည်း မြေကြီးစွန်းတိုင်အောင် ဆက်လက် ဖြန့်ကျက် ပျံ့နှံ့သွားခဲ့သည်။

> တရားဇရပ်များနှင့် လမ်းမများမှာသာ ပေါလု တရားဟောရမည် ဆိုပါက လူတန်းစား တရပ်ကိုသာ သူဟောနိုင်ခဲ့ပေလိမ့်မည်။ သို့သော် ဘုရားသခင့် လမ်းခရီးအရ၊ သူ့အသက်တာ၌ ဘုရား လုပ်ဆောင်ပေးမှုအရ "အချုပ်အနှောင်ခံရခြင်း" ဟု ကျွန်ုပ်တို့ ခေါ်ဆိုသည့် အခြေအနေထဲ သူရောက်ရှိခဲ့သည်။ သို့သော် ထိုသို့ အချုပ်အနှောင်ခံရခြင်းကြောင့်ပင် စစ်သူရဲများ၊ အတိအကျဆိုရလျှင် ရောမစစ်သူရဲတို့ထံ ယခု သူ ပြောဆိုခွင့် ရခြင်း ဖြစ်သည်။ တစ်ညတွင် သူ့ကို ပို့ဆောင်ရန် ရှိခဲ့သည်။ ခြေလျင် တပ်သားနှစ်ရာ၊ လှံတပ်သူရဲ နှစ်ရာနှင့် မြင်းစီးသူရဲ ခုနစ်ကျိပ်တို့က ညအချိန် သူ့ကို ခေါ်သွားရန် ဖြစ်သည်။ သူတို့ ပြောနေကြမည့်အရာကို ခန့်မှန်းကြည့်ပါ။ ပေါလု၊ ဧဝံဂေလိတရား စသည်တို့ဖြစ်ကြပေမည်။ ယခုလည်း တရားစရပ်သို့ မရောက်ဖူးသော အရာရှိများ၊ လမ်းမပေါ် မထွက်ဖူးသော အုပ်ချုပ်ရေးမှူးများနှင့် လူများရှေ့တွင် သူ ရပ်နေရသည်။ သူ၏ ရောမခရီးစဉ်သည် လူတိုင်း ဧဝံဂေလိတရားရရှိရေး ဘုရားသခင့် အကြံအစည်ထဲက ပိုကြီးသည့် ရည်ရွယ်ချက်တစ်ခုကို ဖြည့်ဆည်းပေးခဲ့သည်။

**— Pastor Johnson Oni**

သတင်းကောင်း ပျံ့နှံ့မှုအကြောင်း လုကာ အစီရင်ခံရာ၌ နေရာတိုင်းမှာ ဖြစ်ခဲ့သည့် အတွင်းကြီးပွားမှုနှင့် အားပြိုင်လွန်ဆွဲမှု၊ ပြင်ပကြီးပွားမှုနှင့် ဆန့်ကျင်ခံရမှုတို့အကြောင်း ထည့်သွင်းဖော်ပြဖို့ ဂရုစိုက်ခဲ့သည်။ ထိုသို့ပြုရာတွင် အသင်းတော် ကြီးပွားရေး ဘုရားသခင့် နည်းဗျူဟာသည် အတားအဆီး ရှိလိမ့်မည် မဟုတ်ကြောင်း သက်သေပြခဲ့သည်။ ဘုရားသခင့် လူတို့သည် သတင်းကောင်းကို ဆက်လက် ပျံ့နှံ့စေကြမည် ဖြစ်ပြီး ကိုယ်တော်၏ နိုင်ငံတော်သည်လည်း မြေတပြင်လုံး၌ ကျယ်ပြန့်လာပေလိမ့်မည်။

တမန်တော် ဝတ္ထု၏ အရေးပါသော အခန်းကဏ္ဍ တစ်ခုစီသည် သတင်းကောင်းကို သစ္စာရှိရှိ သက်သေခံသူများ ရှုံးနိမ့်ခဲ့ခြင်း မရှိကြောင်း သက်သေပြသည်။ ယေရုရှလင်မှသည် ရောမအင်ပါယာ၏ တကယ့် မင်းနေပြည်တော်ကြီး တိုင်အောင် သတင်းကောင်း ယူဆောင်သွားဖို့ အသင်းတော်ကို သန့်ရှင်းသော ဝိညာဉ်တော်က တန်ခိုးပေးခဲ့သည်။ အတွင်းနှင့် အပြင် ပြဿနာများကို အသင်းတော် ဖြတ်ခဲ့ရလင့်ကစား အတားအဆီးမရှိသော သတင်းကောင်းသည် ဘုရားသခင့် နိုင်ငံတော်ကို မြေကြီးစွန်းတိုင်အောင် ဖြန့်ကျက်စေခဲ့ပြီး အသင်းတော်ကို ဝိညာဉ်ရေး၌ ရင့်ကျက်စေခဲ့ကာ အရေအတွက်အရလည်း ကျယ်ပြန့်လာစေခဲ့သည်။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ယခုတွင် တမန်တော် ဝတ္ထု၏ စာစီကုံးဖွဲ့နွဲ့ပုံ နည်းဗျူဟာကို ကျွန်ုပ်တို့လေ့လာဖော်ထုတ်ပြီး ဖြစ်၍ ယနေ့ကာလ လက်တွေ့ အသုံးပြုချက်ဆီ လှည့်ကြပါစို့။ တမန်တော် ဝတ္ထုကပေးသော သမ္မာအချက်အလက်တို့ကို ယနေ့ကာလ၌ ကျွန်ုပ်တို့ မည်သို့ လက်တွေ့ အသုံးပြုကြပါမည်နည်း။

# ယနေ့ ကာလ လက်တွေ့ အသုံးပြုချက်

တမန်တော် ဝတ္ထုကို ယနေ့ကာလ လက်တွေ့အသုံးပြုချက် ဖော်ထုတ်ရန် စာအုပ်၏ စာပေ စရိုက်လက္ခဏာအပေါ် ဦးစွာ စူးစိုက်ကြပါမည်။ ဒုတိယအားဖြင့် ပထမရာစုနှစ်နှင့် ကျွန်ုပ်တို့ခေတ်ကာလ အကြား ပြီးဆုံးရပ်စဲသွားမှုများအကြောင်း ပြောဆိုကြပါမည်။ ထို့နောက် တတိယအားဖြင့် တမန်တော် ဝတ္ထု၏ မူလအဓိပ္ပာယ်ကို ယနေ့ကျွန်ုပ်တို့ ဘဝများနှင့် ကူညီဆက်စပ်ပေးသည့် အရေးပါသော အလျင်မပြတ် ဆက်လက်ဖြစ်ပေါ်မှုအချို့ကို ကျွန်ုပ်တို့ အတည်ပြုကြပါမည်။ တမန်တော် ဝတ္ထု စာပေ စရိုက်လက္ခဏာကို လေ့လာမှုနှင့် စကြပါစို့။

## စာပေ စရိုက်လက္ခဏာ

စာပေအမျိုးအစား အထူးထူးအပြားပြားတို့က မိမိတို့ပေးလိုသည့် သဘော အယူအဆတို့ကို ပုံစံအမျိုးမျိုးဖြင့် ဆက်သွယ် ပေးပို့ကြသည်။ သာဓကေအားဖြင့် သမ္မာကျမ်းစာထဲတွင် စာပေရေးဟန် ပုံစံအများအပြားကို တွေ့နိုင်သည်။ သမိုင်းကြောင်းပြ ဇာတ်ကြောင်းများ၊ ကဗျာများ၊ ဒေသနာပြောဆိုချက်များ၊ ပုံဥပမာများ၊ သုတ္တံစကားများ၊ ပညတ်တရားတော်များ စသည်ဖြင့် ဖြစ်ကြသည်။ အဆိုပါ ရေးဟန် အမျိုးမျိုးတို့က ပုံစံအမျိုးမျိုးဖြင့် ဆက်သွယ်ပြောဆိုကြသည်။ တမန်တော် ဝတ္ထုကို တာဝန်ရှိမှု၊ တာဝန်ခံမှု ရှိစွာ နားလည်လိုပါက မည်သည့် စာပေအမျိုးအစား ဖြစ်သည်၊ ၎င်းစာပေမျိုးက ၎င်းပြောလိုသည်များအား မည်သည့်ပုံစံဖြင့် ဆက်သွယ်ပြောဆိုတတ်သည် တို့ကို ထည့်စဉ်းစားရမည် ဖြစ်သည်။

> တမန်တော်များ ဘာလုပ်နေခဲ့ကြောင်း အသင်းတော်၏ ဇာတ်လမ်း တစ်ခုအနေနှင့် တမန်တော် ဝတ္ထုကို တင်ဆက်ထားသည်။ ထိုကြားထဲတွင် ဒေသနာ အချို့ကို သင်တွေ့ရသည်။ ပရောဖက်ကျမ်းကိုးများ၊ ကဗျာလင်္ကာပုံစံ တင်ဆက်ထားသည့် ဓမ္မဟောင်းကျမ်းကိုးများကို သင်တွေ့ရသည်။ ပရောဖက်ပြုချက် ပိုများပြီး နောင်ဖြစ်ပျက်လာမည့် အသင်းတော် ရှေ့ခရီးအကြောင်းကိုလည်း ၎င်းက ပြောပြသည်။ ထို့ကြောင့်ပင် တမန်တော် ဝတ္ထုကို ဖတ်သည့်အခါ တင်ဆက်ထားသည့် ဇာတ်လမ်း ဇာတ်ကြောင်းများ



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

အကြောင်း သိရန်လိုအပ်ပြီး စာကို လေ့လာရင်း ဓမ္မဟောင်းကျမ်းကိုးများနှင့်
ကဗျာအလင်္ကာဖွဲ့တို့ အပေါ် စူးစိုက်၊ အနက်ပြန်ရေး ကြိုးစားရန်လိုအပ်သည်။

**Rev. Joseph Kamau Kabui**

တမန်တော် ဝတ္ထု စာပေစရိုက်လက္ခဏာအကြောင်း ပြောစရာ များစွာ ရှိသော်ငြား အချိန်ကို ထောက်၍ ပိုမို ပေါ်လွင်နေသည့် သွင်ပြင်လက္ခဏာ သုံးခုကိုသာ မီးမောင်း ထိုးပြလိုပါသည်။ ပထမအားဖြင့် အကြောင်းအရာကို အစီရင်ခံရာ၌ ရှင်လုကာ စိစစ်ရွေးချယ်ပြီး ရေးတတ်သည်။ ဒုတိယအားဖြင့် တမန်တော်ဝတ္ထုကို အခန်းဆက်ပုံစံ ဒီဇိုင်း ချထားသည်။ ထို့နောက် တတိယအားဖြင့် သူ့သွန်သင်ချက် အများအပြားကို သွယ်ဝိုက်၍သာ ဆက်သွယ် ပြောဆိုသည်။ တမန်တော်ထဲက အကြောင်းအရာများ ရွေးချယ်တင်ဆက်မှု သဘောရှိပုံကို ဦးစွာ ကြည့်ကြပါစို့။

## ရွေးချယ်တင်ဆက်ခြင်း

သမိုင်းဆရာ မှန်လျှင် ရွေးချယ်တင်ဆက်တတ်ရသည်။ လူသားတစ်ဦးအဖို့ လောကထဲက အချက်အလက်၊ လူ၊ အဖြစ်အပျက်မှန်သမျှကို ခြုံငုံအစီရင်ခံစရာ များပြားလွန်းလှသည်။ တမန်တော်ထဲက အဖြစ်အပျက်တို့သည် ယေရှုကောင်းကင်တက်ကြွချိန်မှ ရောမ၌ ပေါလု အကျဉ်းကျချိန်အထိ ဆယ်စုနှစ် သုံးခုမှ လေးခုထိ အချိန် အတိုင်းအရှည် ရှိသည်။ ဤအချိန်တွင် အသင်းတော်အတွင်း ထူးခြားအရေးပါသည့် အဖြစ်အပျက်တို့မှာ အံ့သြလောက်ဖွယ် များပြားသည့် ကိန်းဂဏန်း အရေအတွက် ဖြစ်ပျက်ခဲ့ရကား ရေတွက်၍ပင် မကုန်နိုင်ပေ။ သို့တစေ ရှင်လုကာက အတော်ကလေး တိုတောင်းသည့် အခန်းကြီး ၂၈ ခန်းသာ ရေးခဲ့သည်။ ထို့ကြောင့် ပြောဆိုနိုင်ခဲ့သမျှ၏ သေးငယ်သည့် တစိတ်တပိုင်းလောက်ကိုသာ သူ အစီရင်ခံခဲ့ကြောင်း ကျွန်ုပ်တို့ သိနိုင်သည်။ သို့သော် မည်သည့် အဖြစ်အပျက်မျိုး ထည့်သွင်းရမည်ကို သူမည်သို့ ဆုံးဖြတ်ခဲ့ပါသနည်း။ ချန်ခဲ့ရမည့်အရာကို မည်သို့ သတ်မှတ်ပါသနည်း။

ရှင်လုကာ ရှင်းပြထားသည့် နှစ်ထပ်ကွမ်း ရည်ရွယ်ချက်ကို ပြန်အမှတ်ရပါက အထောက်အကူ ဖြစ်ပါသည်။ ၎င်းတို့မှာ ယုံကြည်ကိုးစားထိုက်သော အသင်းတော်သမိုင်းရေးသားရန် နှင့် သတင်းကောင်း သမ္မာတရားကို ဆင့်ဆို၊ အတည်ပြုရန်တို့ ဖြစ်ကြသည်။ တမန်တော်များအားဖြင့် လုပ်ဆောင်သည့် ယေရှုသာသနာကို နားလည်ရန် အရေးပါပြီး တမန်တော်တို့၏ အချက်အချာကျသည့် သွန်သင်ချက်တို့ကို ကြိုဆိုလက်ခံရေး သူ့စာဖတ်ပရိသတ်ကို ဆွဲဆောင်မည့် အဆိုပါ သမိုင်း အစအနများကို ရွေးချယ်ရန် သန့်ရှင်းသော ဝိညာဉ်တော်က လုကာအား စေခိုင်းခဲ့သည်။ ထို့ကြောင့် တမန်တော် ဝတ္ထုကို ယနေ့ကာလ လက်တွေ့ အသုံးပြုရန် ကျွန်ုပ်တို့ ကြိုးစား နည်းလမ်းရှာသည့်အခါ ကျွန်ုပ်တို့ လုပ်စရာ နှစ်ခု ရှိပါသည်။

တဖက်တွင် အသင်းတော် သမိုင်းကာလအကြောင်း ကျွန်ုပ်တို့ သိချင်သမျှ အရာရာကို လုကာ မှတ်တမ်းတင်ခဲ့သည်ဟု ယူဆသည့် အမှားမျိုးကို ကျွန်ုပ်တို့ ရှောင်ရှားကြရပါမည်။ အဖြေမပေးဘဲ သူ ချန်ရစ်ခဲ့သည့် မေးခွန်းများစွာ ရှိနေပါသည်။ ထို့ကြောင့် တမန်တော် ဝတ္ထုအားဖြင့် ယနေ့ကာလ ပြဿနာတိုင်းကို အဖြေရှာဖို့ ကြိုးစားခြင်းကို ကျွန်ုပ်တို့ ရှောင်ကြဉ်ရပါမည်။ အခြားတဖက်မှာလည်း



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

တမန်တော်ထဲက အကြောင်းအရာ တစ်ခုစီသည် လုကာ၏ နှစ်ထပ်ကွမ်း ရည်ရွယ်ချက် ပြီးမြောက်ရေးကို ထောက်ကူရန် ထိုနေရာတွင် ရှိနေရကြောင်း ကျွန်ုပ်တို့ ပြန်သတိရသင့်ကြပါသည်။ ထို့ကြောင့် သူ့ပုန်းတိုင် ရောက်ရှိရေး လုကာကို အကျိုးပြု ထောက်ပံ့သည် ဆိုသည့် အမြင်အရ စာအုပ်ထဲက ရှိရှိသမျှကို ဖတ်ရှုဖို့ လိုအပ်သည်။ အစဉ်အမြဲ မေးနေရမည့် မေးခွန်းမှာ ယခုလို ဖြစ်သည်- "ကနဦးအသင်းတော်အကြောင်း ယင်းက ကျွန်ုပ်အား ဘာသွန်သင်နေပါသနည်း" ဆိုသည်နှင့် "ကျွန်ုပ် လက်ခံကျင့်သုံးဖို့ မည်သည့် ဩဝါဒသွန်သင်ချက်က ကျွန်ုပ်အား ခွန်အားပေးနေပါသနည်း" ဆိုသည့် မေးခွန်း ဖြစ်သည်။

## အခန်းဆက်ခြင်း

ရွေးချယ်သည့်သဘောသာမက တမန်တော်ဝတ္ထု၏ စာပေစီကုံးပုံ စရိုက်မှာ အခန်းဆက် ဖော်ပြခြင်း သဘောလည်း ရှိသည်။ တမန်တော်ဝတ္ထုသည် ဇာတ်လမ်း ပုံပြင်တိုများကို အစဉ်အတိုင်း စုစည်းထားမှုတစ်ခု ဖြစ်သည်ဟု ပြောလိုရင်းဖြစ်သည်။

တမန်တော်ကို ဖတ်ရာ၌ ဇာတ်ကြောင်း တစ်ခုစီသည် ရှင်လုကာ၏ ခြုံငုံ နည်းဗျူဟာနှင့် သတင်းစကား အစိတ်အပိုင်းတစ်ခုကို ကိုယ်စားပြုကြောင်း သတိပြုမိရပါမည်။ တစ်ခုစီသည် ခရစ်တော်၌ ဘုရားသခင့်နိုင်ငံတော်၏ ဝမ်းမြောက်ဖွယ် သတင်းကောင်းအား သော်ဖိလုထံ လုကာ ခြုံငုံ သွန်သင်သည့် သာသနာ တစ်ခုလုံးသို့ တနည်းတဖုံ ဖြည့်ဆည်းပေးသည်။ ထို့ကြောင့် ဤမြင်ကွင်းကျယ်သည် တမန်တော်ထဲ ကျွန်ုပ်တို့ဖတ်ရှုသည့် တခန်းချင်းစီ၏ နောက်ခံကျောရိုးနှင့် အချင်းချင်း ဆက်စပ်နေပုံကို သိမြင်စေသည်။

သို့တိုင်အောင် အခန်းတစ်ခုစီမှာ မတူကွဲပြားမှုလည်း ရှိသည်။ တစ်ခုစီမှာ ပေးလိုသည့် သီးသန့် အချက်အလက်ငယ်များ ပါရှိသည်။ သတင်းကောင်းအားဖြင့် ခရစ်တော်၌ ဘုရားသခင့်နိုင်ငံတော် တည်ဆောက်မှု သာသနာကို အသင်းတော် မည်သို့ ဆက်လုပ်ရန်ရှိကြောင်း ၎င်းသီးသန့် အသေးစိတ် ဖော်ပြချက်တို့က သွန်သင်သည်။ ဆိုလိုသည်မှာ တမန်တော်ကို ဖတ်သည့်အခါ ရှင်လုကာ၏ ယေဘုယျ ခြုံငုံလွှမ်းခြုံနေသည့် ရည်ရွယ်ချက်က သူ သီးသန့် ဖော်ပြနေသည့် အချက်များအပေါ် လောင်းရိပ်ထိုး လွှမ်းမိုးမသွားအောင် ကျွန်ုပ်တို့ အာရုံစိုက်ရမှာ ဖြစ်သည်။ မြင်ကွင်းကျယ်နှင့် မြင်ကွင်းကျဉ်း၊ ထိုနှစ်ခုလုံးကို ကျွန်ုပ်တို့ အာရုံစိုက်ကြရပါမည်။ ပို၍ ကြီးမားသည့် ပန်းတိုင်သို့ တခန်းစီက မည်သို့ အားဖြည့်ပေးသည်ကိုသာမက အဆိုပါ ပန်းတိုင်၏ အသေးစိတ်များအား တခန်းစီက မည်သို့ ကူညီ ဖော်ဆောင်ပေးသည်ကိုလည်း ကျွန်ုပ်တို့ သိနားလည်ရန် လိုပါသည်။

## သွယ်ဝိုက်

ရွေးချယ်ခြင်းနှင့် အခန်းဆက်ခြင်းသာမက ဆက်သွယ်ပြောဆိုရာမှာလည်း တမန်တော် ဝတ္ထု စာရေးဟန်သည် သွယ်ဝိုက်သည့် စရိုက်လက္ခဏာ ရှိသည်။

ယေဘုယျဆိုရလျှင် ဓမ္မသစ်မှာ အဓိကကျသည့် စာရေးပုံ နှစ်မျိုး ရှိသည်။ အကျိုးအကြောင်းပြ ငြင်းခုံ ဆွေးနွေးတင်ဆက်သော သွန်သင်ချက်နှင့် ဇာတ်ကြောင်းဖြင့် တင်ဆက်သော သွန်သင်ချက်တို့



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ဖြစ်ကြသည်။ အကျိုးအကြောင်းပြ ငြင်းခုံ ဆွေးနွေးတင်ဆက်ပုံမှာ ပရိသတ်သို့ စာရေးသူက တိုက်ရိုက်ပြောဆိုသည့်အခါ သို့မဟုတ် စာစောင်ထဲက ဇာတ်ကောင်တစ်ဦးဦး စကားပြောသည့်အခါမျိုးမှာ ပြောဆိုသည့် အပြောအဆိုမျိုးကို ဆိုလိုသည်။ သာဓကအားဖြင့် ရှင်ပေါလုလို စာရေးသူက သူ့စာဖတ်ပရိသတ်သို့ တိုက်ရိုက်ပြောဆိုရာမှာ သုံးသည့် အကျိုးအကြောင်းပြ ဆွေးနွေး တင်ဆက်သည့် စာပေမျိုးကို ဓမ္မသစ်မှာ အခြေခံအားဖြင့် တွေ့ရသည်။ ဟုတ်ပါသည်။ ဇာတ်ကြောင်း အတိုအထွာများကို အချို့သော ဩဝါဒစာများမှာ တွေ့ပါသည်။ တခါတရံ သီချင်းနှင့် ဆိုရိုးသုတ္တံစကားများကိုပင် အခါအားလျော်စွာ တွေ့ပါသေးသည်။ သို့သော် ဩဝါဒစာအများစုကို အကျိုးအကြောင်းပြ ဆွေးနွေးတင်ဆက်သည့် ရေးဟန်ဖြင့် ရေးသားထားသည်။ အကျိုးအကြောင်းပြ ဆွေးနွေး တင်ဆက်သည့် ရေးဟန်အကြောင်း ဤနေရာ၌ အဓိကပြောလိုသည်မှာ သွန်သင်လိုချက် အများစုကို ၎င်းက တိုက်ရိုက်နှင့် ရှင်းရှင်း ဆက်သွယ်ပြောဆိုသည့်အချက် ဖြစ်သည်။ သူ့ပရိသတ်များကို တစ်ခုခု ဆင်ခြင်ဖို့ လုပ်ဆောင်ဖို့ ပေါလု ရေးသည့်အခါ သူဖြစ်စေချင်သည်ကို တိုက်ရိုက်ပြောသည်။

တဖက်တွင်လည်း ဇာတ်ကြောင်းပြ သွန်သင်ချက်သည် ခရစ်ဝင်ကျမ်း လေးကျမ်းထဲ အဓိကလွှမ်းမိုးနေသည့် ရေးဟန် ဖြစ်သည်။ တမန်တော် ဝတ္ထုထဲက သင်ခန်းစာများအတွက် ပိုမိုအရေးပါသည်။ ဇာတ်ကြောင်းပြ သွန်သင်ချက်သည် ပုံပြင်တစ်ခုပြောပြရင်း သွန်သင်ချက်တစ်ခုကို တိုက်ရိုက်မကျသည့်ပုံစံဖြင့် ပေးသော ရေးဟန် ဖြစ်သည်။ ထပ်၍ ဆိုရလျှင် အဆိုပါ စာစောင်များထဲက အချို့သော ဇာတ်ကောင်တို့၏ စကားပြောချက်များထဲတွင် ကျိုးကြောင်းပြ တင်ဆက်သည့် ရေးဟန်လည်း အထင်ကရ ပါရှိသည်။ သို့သော် ခရစ်ဝင်ကျမ်းများနှင့် တမန်တော်ဝတ္ထုတွင် ဇာတ်ကြောင်းပြ သွန်သင်ချက်ရေးဟန်ကသာ အဓိကအားဖြင့် လွှမ်းမိုး နေရာယူထားသည်။ ဇာတ်ကြောင်းပြ ရေးဟန်သည် ပြောလိုရာကို တဲ့တိုးသွန်သင်တတ်သော ကျိုးကြောင်းပြ တင်ဆက်ပုံနှင့် မတူဘဲ ပေးလိုသည့် သင်ခန်းစာအပေါ်  ကိုယ်တိုင်ဆင်ခြင် ကောက်ချက်ချခွင့်ကို စာဖတ်သူထံ ပေးသောအားဖြင့် သွယ်ဝိုက်သွန်သင်တတ်သည်။ ဇာတ်ကြောင်းများသည် စာဖတ်သူတို့အပေါ် တိုက်ရိုက် သွန်သင်ချက်များအားဖြင့် မဟုတ်ဘဲ သာ၍ သိမ်မွေ့သော ပုံစံများဖြင့် ဩဇာညောင်းတတ်ကြသည်။ ဇာတ်ကောင်တို့၏ သဘောထား၊ ရည်ရွယ်ချက်၊ ပြုမူကျင့်ကြံပုံ၊ နှုတ်ထွက်စကားများမှ သင်ခန်းစာများ ထုတ်ယူဆင်ခြင်ပြီး ဘုရားသခင် နှစ်သက်သည်တို့ကို လိုက်နာကျင့်ဆောင်ရေး၊ ဘုရားသခင့် အလိုတော်နှင့် ဆန့်ကျင်သည်တို့ကို ရှောင်ရှားရေး သင်ယူတတ်ဖို့ ယင်းတို့ကို ဒီဇိုင်းချထားသည်။

၎င်းကို ဤပုံစံ စဉ်းစားကြည့်ပါ။ တမန်တော် ဝတ္ထုလို ဇာတ်ကြောင်းရေးဟန် အများစုက ဤအရာ ဖြစ်ခဲ့သည်၊ ထိုအရာ ဖြစ်ခဲ့သည်၊ ထို့နောက် အခြားတစ်ခုလည်း ဖြစ်ခဲ့သည် စသည်ဖြင့် အချက်အလက်များကိုသာ ဖော်ပြရန် ရှိနေကြသည်။ အပေါ် ရုံကြည့်ပါက အဖြစ်အပျက်များအကြောင်း အစီရင်ခံချက် တစ်ခုထက် မပိုလှပေ။ ယခုတွင် ကျွန်ုပ်တို့ တွေ့ပြီးဖြစ်သလို သူ့ ပုံပြင်ဇာတ်လမ်းများထဲက အင်္ဂါရပ်တို့၏ လေးနက်အရေးပါပုံအပေါ်  တိုက်ရိုက် ဝေဖန်သုံးသပ်မှုကို လုကာ အခါအားလျော်စွာ ပြုခဲ့သည်။ ယေဘုယျအားဖြင့် အဖြစ်အပျက်များကို ဖြစ်စေ၊ အချက်အလက်တို့ကို ဖြစ်စေ ဝေဖန်သုံးသပ်ချက် အနည်းအကျဉ်း၊ သို့မဟုတ် လုံးလုံးမပါဘဲ သူဖော်ပြလေ့ ရှိသည်။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

သို့တစေ လုကာ၏ ပုံပြင်ဇာတ်ကြောင်းတို့သည် အဖြစ်အပျက် အစီရင်ခံစာ သက်သက်မဟုတ်ခဲ့ပါ။ သော်ဖိလုနှင့် အသင်းတော်ကို သွန်သင်ပြီး စိတ်ချမှု ရှိစေဖို့ ရည်ရွယ် ရေးသားခြင်းဖြစ်သည်။ အဆိုပါ ရည်ရွယ်ချက်များသည်လည်း ဇာတ်ကြောင်းတိုင်း၏ နောက်ကွယ်မှာ သွယ်ဝိုက်စွာ ရှိနေကြသည်။

ပုံဥပမာပေးရမည်ဆိုပါက ညစာမစားခင် ချောကလက်မစားဖို့ ပြောထားသည့် ကလေးငယ်ကို ကြည့်ပါ၊ တစ်ညနေမှာ ချောကလက်ပေနေသော ပါးစပ်ဖြင့် ညစာစားရန် သူမ ရောက်လာခဲ့သည်။ ချောကလက်စားခဲ့လားဟု အဖေက မေးလျှင် သမီးငယ်က မျက်လုံးကျယ်ကြီးနှင့် မစားပါဟု ငြင်းသည်။ "ဘယ် ချောကလက်မှ မစားထားဘူး ဒယ်ဒီ"။

ဤအခြေအနေကို ကိုင်တွယ်ဖို့ အဖေမှာ နှစ်နည်းသာ ရှိသည်။ အကျိုးအကြောင်းပြ တင်ဆက် သွန်သင်ချက်နှင့် ဖြေရှင်းမည်လား၊ ဇာတ်ကြောင်းပြ သွန်သင်ချက်နှင့် ဖြေရှင်းမည်လား။ အကျိုးအကြောင်းပြ တင်ဆက် သွန်သင်နည်းကို ရွေးလျှင် ခုလို ပြောနိုင်ပါသည်- "သမီး အမှန် မပြောဘူး၊ သမီး မျက်နှာမှာ ချောကလက်တွေ တွေ့တယ်၊ သမီးကို ဒဏ်ပေးရတော့မယ်" သို့သော် ဇာတ်ကြောင်းပြ သွန်သင်နည်းကိုလည်း သူရွေးနိုင်ပါသေးသည်။ ၎င်းသည် တိုက်ရိုက်မကျဘဲ ပိုမိုသွယ်ဝိုက် သိမ်မွေ့သည်။ သမီးငယ်ကို ရင်ခွင်ထဲပွေ့ထားပြီး "သမီးကို ပုံပြင်တစ်ပုဒ် ဒယ်ဒီ ပြောပြမယ်၊ တစ်ခါတုန်းက အဝတ်အစား အကောင်းကြီးတွေ ဝတ်ပြီး မဆော့ရဘူးလို့ ပြောထားတဲ့ ကလေးမလေး တစ်ယောက်ရှိသတဲ့။ ဒါပေမဲ့ သူက အဲဒီဝတ်စုံနဲ့ပဲ ဆော့လိုက်တော့ အရမ်းကို ညစ်ပေသွားတာပေါ့။ အဲဒီကလေးမလေး လုပ်တာကို သမီး ဘာပြောချင်သလဲ"

ဤကဲ့သို့သော ဇာတ်ကြောင်းပြ စီကုံးဖွဲ့နွဲ့မှု နည်းဗျူဟာသည် အခြေခံအားဖြင့် သွယ်ဝိုက်ရန် လိုသည့် အနေအထားများမှာ အလုပ်ဖြစ်သည်။"ကလေးမလေး နားမထောင်တဲ့ကိစ္စ ဆိုးတယ်မဟုတ်လား" ဆိုသည့် မေးခွန်းဖြင့် သမီးငယ်ကို စဉ်းစားခိုင်းသည်။ ဇာတ်ကြောင်းပြ သွန်သင်ချက်၏ အလှနှင့် စွမ်းပကားမှာ အဆိုပါ သဘောအယူအဆမျိုးတို့ကို သွယ်ဝိုက်စွာ ဆက်သွယ်ပြောကြားနိုင်ခြင်းပင် ဖြစ်သည်။ ပြည့်စုံလုံလောက်သော သိမ်မွေ့သွယ်ဝိုက်မှု ရှိလာသည့်အခါ ပုံပြင်ထဲက အခြေအနေများထဲ ဇာတ်ကြောင်း ခေါ်သည့်နောက် နာကြားသူကိုယ်တိုင် လိုက်ပါ သွားတော့သည်။ နာကြားသူ ထိခိုက်မသွားအောင် ထိန်းကျောင်းထားသည့် ပုံစံအတွင်း နာကြားသူ ကျား/မ မည်သူမဆို ကိုယ်တိုင် ကိုယ်ကျ ပါဝင်ပတ်သက်လာတော့သည်။ ၎င်းသည် နာကြားသူအား များစွာ ပိုမို သွန်သင်လွယ်စေသည်။

> သမ္မာကျမ်း ဇာတ်ကြောင်းရေးသူတို့မှာ အလွန်ပင် အရေးပါလှသောပုံစံများဖြင့် သမိုင်းရေးနည်း စနစ်များကိုသုံးကာ ပဋိညာဉ်ခံ လူ့အဖွဲ့အစည်း၏ ကိုယ်ပိုင်လက္ခဏာကို ပုံဖော်လျက် ရှိကြသည်။ ရှင်လုကာမှာ ကျွန်ုပ်တို့ ဤအတိုင်းတွေ့ရသည်။ သူ့ ဂရိ ကျမ်းစာကို သူသိသည်။ ဖြစ်ပျက်နေသမျှအပေါ် သူတို့ သိနားလည်မှုကို ပုံဖော်ဖို့ ထိုလူ့အဖွဲ့အစည်းအပေါ် အခွင့်အာဏာရှိသော ကျမ်းပိုင်းတို့ကို သူကိုးကားနေခြင်း ဖြစ်သည်။ သို့သော် ဇာတ်ကြောင်းပြ နည်းစနစ်တို့ကိုလည်း သူအသုံးပြုလျက် ရှိနေသည်။ ဖြစ်ပျက်နေသမျှကို



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

> သူ့စာဖတ်ပရိသတ်တို့ နားလည်လွယ်စေဖို့ ဇာတ်ကြောင်းပြောသူ၏ အကဲဖြတ် ရှုမြင်ချက်ကို သူသုံးနေခြင်း ဖြစ်သည်။ သာဓက ဆိုရလျှင် ပေတရုကြုံရသည့် အခြေအနေ၊ ကော်နေလိနှင့် သူ့ ဆက်နွယ်မှုတို့အရ အသင်းတော်ထဲ ဝင်လာသည့် တပါးအမျိုးတို့နှင့် ပတ်သက်ပြီး မိမိတို့ ဘာလုပ်ကြမလဲ ဆိုသည့်အပေါ် အဖြေရရန် လုကာ၏ ပရိသတ်၊ အထူးသဖြင့် ယုဒ ခရစ်ယန် သင်းဝင်သူအချို့ ရုန်းကန်နေကြရသည်။ ဤအရာကို ကျွန်ုပ်တို့ မည်သို့ နားလည်ရပါမည်နည်း။ သူတို့နှင့် ကျွန်ုပ်တို့ မည်သို့ ပတ်သက်ရပါမည်နည်း။ ထိုမေးခွန်းအပေါ် ပေတရု ကိုယ်ပိုင် ဆင်ခြင် သုံးသပ်ချက်ကလည်း သူတို့နှင့် အလားတူ အပြိုင် ဖြစ်နေသည်။ ကော်နေလိ အသက်တာ၌ သန့်ရှင်းသော ဝိညာဉ်တော် ဘာလုပ်ဆောင်မည်ဟု သူထင်မြင်ရန် ရှိပါသနည်း။ သူနှင့် သူ့လူများသည် အစားအသောက်ဆိုင်ရာ ဓမ္မဟောင်း ပညတ်များကို ချိုးဖောက်ကာ ထိုသူတို့နှင့်အတူ စားသောက်ရန် ဖြစ်ပါသလော။ ဤအရာကို ကျွန်ုပ်တို့ မည်သို့ နားလည်ရပါမည်နည်း။ ကောင်းပါပြီ။ ဇာတ်ကြောင်းကို သုံးကြိမ်တိုင်အောင် လုကာ ပြောပြသည်။ အခြေအနေကို ပေတရု ရင်ဆိုင် ဖြတ်သန်းသလို စာဖတ်သူများလည်း ပေတရုကြုံရသည့် အခြေအနေမျိုးကို ရင်ဆိုင်ဖြတ်သန်းပြီး "ဟုတ်ပါတယ်။ တကယ်ဘဲ ကျွန်ုပ်တို့ အတူတူ စားသင့်ကြပါတယ်" ဟူ၍ ခွဲခြားသိမြင်နိုင်ရန် ဖြစ်သည်။ ယုဒအမျိုးမဟုတ်သော်လည်း ခရစ်ယာန် ညီအစ်ကို၊ မောင်နှမဖြစ်သူတို့၏ အသက်တာတွင် သန့်ရှင်းသော ဝိညာဉ်တော် အမှုဆောင်နေကြောင်း ကျွန်ုပ်တို့ တွေ့မြင်သင့်ပါသည်။ သို့ဖြစ်သည့်အတိုင်း အဆိုပါတို့သည် ကနဦး ခရစ်ယာန် အဖွဲ့အစည်း၏ ကိုယ်ပိုင် လက္ခဏာကို ဆက်လက်ပုံဖော်သည့် ပုံပြင်ဇာတ်လမ်းပြောဟန် စနစ်များပင် ဖြစ်ကြတော့သည်။
>
> **Dr. Gregory R. Perry**

ကျွန်ုပ်တို့ သတိပြုခဲ့ပြီးသလိုပင် တမန်တော် ဝတ္ထုကို အခြေခံအားဖြင့် ဇာတ်ကြောင်း၊ ပုံပြင်ပြောဟန်ဖြင့် စီကုံးဖွဲ့နွဲ့ထားသည်။ ကနဦးအသင်းတော် အတွင်း ဘုရားသခင့် သာသနာ၏ တိကျသော သမိုင်းကြောင်းကို ဝေငှမျှဝေနိုင်ဖို့ လုကာ ရည်ရွယ်ခဲ့သည်။ သို့သော် ကျိုးကြောင်းပြ တင်ဆက်နည်းမှာလို သူ့ပရိသတ်ကို တိုက်ရိုက် ထိတွေ့မည့်အစား ယုံလောက်ပြီး စစ်မှန်သော ဇာတ်ကြောင်းပြောပြနည်းကို သူရွေးချယ်ခဲ့သည်။ ဇာတ်ကြောင်း အချက်အလက်များထဲက သွယ်ဝိုက်ကောက်ချက်များကို သူ့ပရိသတ်အား ထုတ်ယူစေလိုသည်။ ထို့ကြောင့် တမန်တော် ဝတ္ထုနှင့် ကျွန်ုပ်တို့ ရင်ဆိုင်ရသည့်အခါ အဆိုပါ သွယ်ဝိုက် သွန်သင်ချက်များကို ဖော်ထုတ်ရန်မှာလည်း အရေးပါလှသည်။

ဟုတ်ပါသည်။ သမ္မာကျမ်း ဇာတ်ကြောင်းတစ်ခုကို အကဲဖြတ်ပြီး ကျွန်ုပ်တို့၏ နေ့စဉ်ဘဝလက်တွေ့ကျင့်သုံးရန် ပဓာနကျသော နည်းလမ်းတစ်ခုမှာ ဖြစ်ပျက် ပြုမူချက်တို့ကို ဘုရားသခင် မည်သို့ပြန်တုန့်ပြန်ကြောင်း သဘောပေါက် နားလည်ခြင်းဖြစ်သည်။ ကိုယ်တော်၏ နှုတ်ထွက်စကား၊ အကျင့်တော်တို့သည် စုံလင်ပြည့်ဝပြီး မမှားမယွင်းနိုင်ပါ။ ရလာဒ်အားဖြင့် ဘုရားသခင် အတည်ပြုပြီး ကောင်းချီး ပေးသော အရာများ၊ အတည်မပြုသော (ဝါ) ကျိန်သော အရာများအား တမန်တော် ဝတ္ထုအတွင်း ကျွန်ုပ်တို့ အမြဲတစေ သတိပြုသင့်ပါသည်။ ဘုရားသခင် ကောင်းချီးပေးသမျှသော အရာတို့သည် ကောင်းမြတ်ရပေလိမ့်မည်။ ကိုယ်တော် အတည်မပြုသမျှသော၊ ကျိန်တော်မူသမျှသော အရာတို့သည် ဆိုးညစ်ရပေလိမ့်မည်။ တမန်တော် ဝတ္ထုကို ကျွန်ုပ်တို့ ဖတ်သည့်အခါ ဘုရားသခင်ကို နှစ်သက်စေသော ယုံကြည်ခံယူချက်၊ သဘောထား၊ ပြုမူကျင့်ကြံမှုများကို အတုယူရန်နှင့် ကိုယ်တော်ကို ဆန့်ကျင်သည့်အရာမှန်သမျှကို ရှောင်ရှားရန် ကြိုးပမ်း သင့်ကြသည်။

ထိုထက်ပို၍ ဆိုရလျှင် လုကာသည် ကနဦး အသင်းတော် ရှေ့ထွက် ခေါင်းဆောင်များ၏ အမြင်ရှုထောင့်တို့အပေါ် အကြီးအကျယ် မှီခိုအားပြုခဲ့သည်။ ထို့ကြောင့် လုကာ၏ သွယ်ဝိုက် သွန်သင်ချက်ကို ကျွန်ုပ်တို့ သဘောပေါက်ရန် စိတ်ချရသည့် နောက်ထပ်နည်းတစ်ခုမှာ ကျွန်ုပ်တို့ကို လုကာပေးခဲ့သော သာဓကများကို အကဲခတ် လေ့လာကြည့်ရန်ပင် ဖြစ်သည်။ တမန်တော်များ၊ ပရောဖက်များနှင့် အခြား လေးစားအပ်သည့် အသင်းတော် ခေါင်းဆောင်များလို ကိုးစား ယုံကြည်ထိုက်သူများက တစ်စုံတစ်ရာ လုပ်ခဲ့၊ ပြောခဲ့သည့်အခါ ထိုသူတို့ကို စာနာဖို့ ကျွန်ုပ်တို့မှာ တာဝန်ရှိကြောင်း အမြဲတစေ သွယ်ဝိုက် ကောက်ချက် ချနိုင်ပါသည်။ သူတို့ ပြုမူကျင့်ကြံမှုတို့သည် လျောက်ပတ်တင့်တယ်ပြီး သူတို့၏ သက်သေခံချက်တို့သည်လည်း စစ်မှန်သည်။ အကျိုးဆက်အားဖြင့် ဤတာဝန်ကို နှလုံးသားပါလျက် ကျွန်ုပ်တို့ တုန့်ပြန်ပြီး သူတို့ ပုံသက်သေနှင့်အညီ ကျွန်ုပ်တို့၏အပြုအမူ၊ အတွေးအခေါ်တို့ကို ပုံသွင်းသင့်လှပေသည်။ ထို့အပြင် ပြောင်းပြန် လုပ်ဆောင်မှုသည်လည်း မှန်ကန်နိုင်ပါသည်။ တမန်တော် ဝတ္ထုထဲက ဇာတ်ကောင်များကို တမန်တော်များနှင့် အသင်းတော်တို့က ပြစ်တင်စီရင်ကြသည့်အခါ ထိုဇာတ်ကောင်များ၏ ပြုမူကျင့်ကြံမှုတို့သည် ဆိုးညစ်သောကြောင့် သူတို့ပုံသက်သေအတိုင်း ကျွန်ုပ်တို့ မလိုက်သင့်ကြောင်း သွယ်ဝိုက် ကောက်ချက်ချနိုင်ပါသည်။

သို့သော် တမန်တော် ဝတ္ထုအတွင်း လုကာပြုခဲ့သည့် သွယ်ဝိုက်ကောက်ချက်ဆွဲပုံစံများမှာ ယင်းတို့သာလျှင် ဖြစ်သည်ဟု ဆို၍ကား မရနိုင်ပါ။ သို့သော် ယင်းတို့သည် သမ္မာကျမ်း ဇာတ်ကြောင်းတို့မှ မှန်ကန်သော သွယ်ဝိုက်ကောက်ချက်များ မည်သို့ထုတ်ယူရမည်ကို အစပြု လေ့လာသင်ယူနိုင်ဖို့ ယနေ့ကာလ စာဖတ်သူတို့အတွက် အတော်ကလေး ခိုင်မာသော ခြေကုပ်တစ်ခုကို တကယ်ပင် ပေးနေသည်။

တမန်တော် ဝတ္ထု၏ စာပေ စရိုက်လက္ခဏာဆိုင်ရာ သိနားလည်မှုနှင့်အတူ ပထမရာစုနှစ် နှင့် ယနေ့ကာလ အကြား ဆက်လက်ဖြစ်ပေါ် ခြင်း မရှိ၊ ပြီးဆုံးရပ်ဆိုင်းသွားမှုများထံ လှည့်ကြပါစို့။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

# ဆက်ဖြစ်ခြင်း မရှိ၊ ပြီးဆုံးရပ်ဆိုင်းသွားမှုများ

သမ္မာကျမ်းစာသည် ကျွန်ုပ်တို့အတွက် ဖြစ်သော်လည်း ကျွန်ုပ်တို့ထံ တိုက်ရိုက်လိပ်မူရေးခြင်း မဟုတ်ကြောင်း အမြဲသတိရနေဖို့ လိုပါသည်။ မူလကနဦး စာဖတ်သူတို့သည် သော်ဖိလုနှင့် အေဒီ ပထမရာစုက လူတွေ ဖြစ်ကြောင်း ကျွန်ုပ်တို့ ရှင်းရှင်း သိရှိ ကြသည်။ သဘောတစ်ခု ပြောရလျှင် လုကာ၏ စာအုပ်ကို ကျွန်ုပ်တို့ဖတ်သည့်အခါ သူတို့ပုခုံးကို ကျော်ပြီး ကြည့်နေခြင်း ဖြစ်သည်။ ထိုသူတို့အား လုကာပြောနေသည်ကို ကျွန်ုပ်တို့က သူတို့ကို ကျော်ပြီး ကြားနေရခြင်း ဖြစ်သည်။ ထို့ကြောင့် သော်ဖိလုနှင့် လုကာ၏ အခြားသော ကနဦး စာဖတ်ပရိသတ်တို့ ဘဝမှာ လက်တွေ့ အသုံးပြုနိုင်သော တမန်တော်ထဲက သွန်သင်ချက် အချို့သည် ယနေ့ကာလ စာဖတ်ပရိသတ်တို့ ဘဝ၌ လက်တွေ့ အကျုံးဝင်ချင်မှ ဝင်လိမ့်မည်ကို ကျွန်ုပ်တို့ အနည်းဆုံး မျှော်လင့် ထားသင့်ကြသည်။ ထိုကွဲလွဲချက်များကို မစဉ်းစားဘဲ ကျမ်းစာထဲ တွေ့ရသမျှ ကျွန်ုပ်တို့ လိုက်လုပ်ရန်သာ ဖြစ်သည် ဆိုပါလျှင် ဘုရားနှုတ်ကပတ်ကို မကြာခဏ အန္တရာယ်ဖြစ်လောက်အောင် အလွဲ သုံးမိကြပေလိမ့်မည်။

ရှင်လုကာ၏ ထိုခေတ်ကာလနှင့် ကျွန်ုပ်တို့၏ ယနေ့ကာလ အကြား ဆက်ဖြစ်ခြင်းမရှိဘဲ ပြီးဆုံးရပ်ဆိုင်းသွားမှုများကို နည်းလမ်း နှစ်ခုဖြင့် ကျွန်ုပ်တို့ အကျဉ်းချုပ်ဖော်ပြပေးပါမည်။ ပထမအားဖြင့် သူတို့နှင့်မတူခြားနားသော အချိန်ကာလတွင် ကျွန်ုပ်တို့ ရှင်သန်နေကြသည်။ ဒုတိယအားဖြင့် ကျွန်ုပ်တို့မှာ ကွဲပြားသော အခြေအနေများ ရှိနေကြသည်။ တမန်တော် ဝတ္ထု မူလဖတ်ရှုသူများနှင့် မတူခြားနားသော လောကမှာ ကျွန်ုပ်တို့ ရှင်သန်နေကြသည်ဆိုသည့်အချက်နှင့် အစပြုကြပါစို့။

## ကွဲပြားခြားနားသော အချိန်ကာလ

မူလကနဦး တမန်တော်များ၊ ပထမရာစုနှစ်က ခရစ်တော်၏ အခွင့်အာဏာရှိသော သက်သေခံတို့အပေါ် တမန်တော် ဝတ္ထုက စူးစိုက်ထားကြောင်း သတိရဖို့ အလွန်အရေးကြီးပါသည်။ ယခုအခါ "တမန်တော်" ဟူသော ဝေါဟာရသည် "စေလွှတ်ခြင်းခံရသူ" ဟူ၍သာ အဓိပ္ပာယ်ရသည်။ သို့သော် တခါတရံ တမန်တော် ၁၄း၁၄ တွင် ဗာနဗ လို "သာသနာပြုများ" ဟု ခေါ်ဆိုကြသူများကိုလည်း "တမန်တော်" အဖြစ် တမန်တော် ဝတ္ထုက ရည်ညွှန်း သုံးစွဲသည်။ ယနေ့ပင်လျှင် အချို့သော အသင်းတော်များက သူတို့၏ ကိုယ်ပိုင် အမှုတော်ဆောင်များ သို့မဟုတ် သာသနာပြုများကို ရည်ညွှန်းပြောဆိုရာ၌ တမန်တော် ဆိုသည့် ဝေါဟာရကို သုံးနေကြသည်။ သို့သော် မူလ ကနဦး တမန်တော်များမှာ ကွဲပြားခြားနားကြောင်း လုကာက အခိုင်အမာ ပြောခဲ့သည်။ တင်းပြည့် တမန်တော် စာရင်းဝင် ရန်အတွက် ရှင်ပြန်ထမြောက်သော သခင်ကို ဖူးတွေ့ပြီးသူ၊ ဘုရားကိုယ်တော်တိုင် တမန်တော် အရိုက်အရာ၌ ခန့်အပ်ပေးမှုကို ခံရသူ ဖြစ်ရသည်။ အဆိုပါ တမန်တော်များအားဖြင့် ဘုရားသခင် ပြုတော်မူသော သာသနာများစွာမှာ ရွေးနုတ်ခြင်း သမိုင်းကြောင်းအတွင်း ထိုကာလ၊ ထိုဒေသအတွက် သီးသန့် ဖြစ်ခဲ့သည်။ ယင်းတို့သည် တုနိုင်းမဲ့ အခွင့်အာဏာနှင့် တန်ခိုး

အပ်နှင်းခံရသူတို့အားဖြင့် ပြုတော်မူသော အသစ် အစပြုခြင်းဆိုင်ရာ၊ အုတ်မြစ် လုပ်ငန်း ပြီးစီးအောင်မြင်မှုဆိုင်ရာ သာသနာများ ဖြစ်ကြသည်။

> ဧဖက်သြဝါဒစာထဲတွင် ကျွန်ုပ်တို့သည် တမန်တော်များချထားသောအုတ်မြစ်ပေါ်တွင် ထပ်ဆင့် တည်ဆောက်နေကြသော ဘုရားသခင့် အိမ်တော်သားများ ဖြစ်ကြကြောင်း၊ ယေရှု ခရစ်တော်သည် တိုက်ထောင့် အမြစ်ကျောက် ဖြစ်ကြောင်း ပေါလု ပြောထားသည်ကို ဖတ်ရသည်။ ဤကျမ်းပိုဒ်က တမန်တော်တို့သည် မည်သူမည်ဝါကို ဆိုလိုသည်၊ ထိုသူတို့သည် ယေရှုကိုယ်တော်တိုင်က တိကျသော သီးသန့် သာသနာလုပ်ငန်းတစ်ခုအတွက် အခွင့်အာဏာနှင့် တာဝန်အပ်နှင်းခံရသူများ ဖြစ်သည်၊ ကျွန်ုပ်တို့ သိထားသလို အသင်းတော် အတွက် အုတ်မြစ် ဖြစ်သည် ဆိုသည်တို့ကို အမှန်တကယ် ဖမ်းကိုင်မိစေသည်။ အိမ်တလုံးအကြောင်း စဉ်းစားလျှင် အုတ်မြစ် တည်သည့်အခါ တကြိမ်တည်ပြီးဖြစ်သောကြောင့် နောက်ထပ်အုတ်မြစ်တည်ရန် မလိုအပ်တော့ပေ။ ထိုအတိုင်းပင် အသင်းတော်အုတ်မြစ် တည်ဆောက်ဖို့ ကျွန်ုပ်တို့ကို ခေါ်ထားခြင်း မဟုတ်ပါ။ အကြောင်းမှာ ကျမ်းစာထဲ ဖတ်ရသလို တမန်တော်များ၊ ပရောဖက်များအားဖြင့် ၎င်းကို တည်ဆောက်ပြီးသား ဖြစ်နေ၍ပင်။ ထို့အတွက်ကြောင့် အုတ်မြစ်ချသူ ကျွန်ုပ်တို့၏ ဘိုးဘေးများ၊ တနည်းဆိုသော် ယေရှု ခရစ်တော်ကိုယ်တိုင်၏ တာဝန်အပ်နှင်းခြင်းခံရသော တမန်တော်များ၏ သွန်သင်ချက်တို့ကို လိုက်လျှောက်ရန် ကျွန်ုပ်တို့ကို ခေါ်ထားခြင်း ဖြစ်သည်။ ယနေ့ ကျွန်ုပ်တို့ သိကြသည့်အတိုင်း အသင်းတော် စိုက်ပျိုးခြင်း ဆိုသည်မှာ သူတို့လုပ်ခဲ့သည်ကို ကျွန်ုပ်တို့ ခံစားခြင်း ဖြစ်သည်။ ထို့ကြောင့် ကျွန်ုပ်တို့မှာ ရှိခဲ့သည့်၊ ကျွန်ုပ်တို့၏ ကယ်တင်ရှင်နှင့် အရှင်သခင် ယေရှုခရစ်တော်၏ ရွေးကောက်ခံ တမန်တော်ဖြစ်မှု သဘောနှင့် ကိုက်ညီသည့် တမန်တော်မျိုး ကေန်အမှန် မရှိနိုင်တော့ပါ။

**Mr. Josiah Katumu**

အကြောင်းမလှစွာပင် ခရစ်ယာန်အုပ်စုများစွာသည် တမန်တော် ဝတ္ထုအား ခေတ်ကာလတိုင်းမှာ အတိအကျ လိုက်နာသင့်သည့် ခရစ်ယာန်အသက်တာ စံပြပုံစံအဖြစ် ရှုမြင်ကြသည်။ သာဓကအားဖြင့် တမန်တော် ၂း၁-၄ အတွင်း ပင်တေကုတ္တေနေ့တွင် သန့်ရှင်းသော ဝိညာဉ်တော်အား အံ့သြဖွယ်ရာ တန်ခိုးပြချက်များနှင့်တကွ သွန်းလောင်းခဲ့ရာ ဝိညာဉ်တော်ကို လက်ခံရရှိသူတို့သည် အမျိုးမျိုးသော ဘာသာစကား၊ ဒေသန္တရ စကားတို့ဖြင့် သတင်းကောင်း ဟောပြောခြင်းကို စတင်ခဲ့သည်။ သို့သော် ဤအဖြစ်အပျက်သည် တမန်တော်များနှင့် အခြား ကနဦးယုံကြည်သူတို့အား ခရစ်တော်ထံ

အစေခံရေး တန်ခိုးပေးရန် ဝိညာဉ်တော်ကို အစအဦး သွန်းလောင်းသည့်အနေဖြင့် ဖြစ်ပေါ်သော အထူးသီးသန့် ဖြစ်ပျက်မှု တစ်ခု ဖြစ်သည်။ တမန်တော် ဝတ္ထုထဲတွင် အလားတူ အဖြစ်အပျက်တို့ အခါအားလျော်စွာ ဖြစ်ခဲ့သည်။ သို့သော် တမန်တော်များ တိုက်ရိုက် လုပ်ဆောင်သဖြင့် ဖြစ်ရသော အကျိုး ရလာဒ်များသာ ဖြစ်ကြသည်။

တမန်တော် ဝတ္ထုထဲ *မပြောင်းမလဲ အစဉ်တစိုက်* ရှိနေသည့်အရာမှာ စာရိတ္တပိုင်း ပြောင်းလဲပြီး သက်သေခံများ ဖြစ်ရေးအတွက် သန့်ရှင်းသော ဝိညာဉ်တော်ကို ယုံကြည်သူတိုင်း မုချခံယူရမည် ဆိုသည့် အချက် ဖြစ်သည်။ တမန်တော် ဝတ္ထုထဲ *အစဉ်တစိုက်မရှိ ပြောင်းလဲနေသည့်* အရာမှာ သန့်ရှင်းသော ဝိညာဉ်တော်က မိမိမျက်မှောက်တော်ကို သီးသန့် ထင်ရှားဖော်ပြခြင်း၊ မဖော်ပြခြင်း ဆိုသည့် ကိစ္စရပ် ဖြစ်သည်။ ပထမရာစုနှစ်နှင့် ယနေ့ကာလအကြား ဆက်လက် မဖြစ်ပေါ်ဘဲ ပြီးဆုံးရပ်ဆိုင်းသွားမှုများ ရှိကြောင်း မဖြေရှင်းပြတတ်သည့် သဘောရိုး ခရစ်ယာန်များသည် တမန်တော် ဝတ္ထု၏ သွန်သင်ချက်များကို မသင့်မလျော်သော ပုံစံများဖြင့် လက်တွေ့ အသုံးချဖို့ မကြာခဏ ကြိုးစားကြသည်။

> တမန်တော်များခေတ်နှင့် ယနေ့ ကျွန်ုပ်တို့ ခရီးဆက်နေသည့် ကာလကြား ပြီးဆုံးရပ်ဆိုင်းသွားချက် အချို့ ရှိနေသည်။ နိုင်ငံတော် ကြီးပွားမှု ခရီးဆက်ခြင်းသည် အလျဉ်မပြတ် ဆက်လက် ဖြစ်ပေါ်နေသည့် အရာဖြစ်သည်။ နိုင်ငံတော်သည် အစပြုခဲ့ပြီး ဖြစ်သည်။ အဆင့်ဆင့် လက်ဆင့်ကမ်းခဲ့သော အမှုတော်၌ ကျွန်ုပ်တို့ ဆက်လုပ်ဆောင်နေပြီး တမန်တော်များ၊ ပရောဖက်များ၏ သက်သေခံချက်များအားဖြင့် ဆက်လက် သက်သေခံရန် ရှိနေသည်။ ထို့ကြောင့် အလျဉ်မပြတ် ဆက်လက်ဖြစ်ပေါ်မှု ရှိနေသည်။ သို့သော် အုတ်မြစ်ချစဉ် တမန်တော်တို့၏ အခွင့်အာဏာနှင့် သာသနာစစ်မှန်ကြောင်း သက်သေထူသည့် ကာလမှာ ရှိခဲ့သည့် အချို့သော အားအင်ပြ နိမိတ် လက္ခဏာနှင့် တန်ခိုးပြာဋိဟာများမှာမူ ယနေ့ကာလ၌ ထိုစဉ်ကလို ဆက်လက်ဖြစ်ပေါ် ခြင်း မရှိတော့ပေ။ အသင်းတော်မှာ ဘုရားသခင့် တန်ခိုး ပျောက်သွားပြီဟု ကျွန်ုပ် ဆိုနေခြင်း မဟုတ်ပါ။ သို့သော် လျောက်ပတ်စွာ ကိုယ်တော်ရှုမြင်၊ ပြဌာန်း ထားပြီးသည့်အတိုင်း၊ သီးသန့် ရည်ရွယ်ထားသည့် အဆုံးသတ် ပြည့်စုံမှုဆီ ထောက်ပံ့ ပေးကမ်းမှုတို့ ဦးတည် စီးဆင်းသည်နှင့်အမျှ ဘုရားသခင်သည် ခြားနားသောနည်းများသုံး၍ ကွဲပြားသော ခေတ်ကာလများအရ အမှုဆောင်တော်မူပါသည်။

**Dr. John Norwood**

တမန်တော် ဝတ္ထု မူလပရိသတ်တို့နှင့် မတူကွဲပြားသော အချိန်ကာလမျိုး၌ ကျွန်ုပ်တို့ နေထိုင် သက်ရှင်နေရသည်သာမက မတူခြားနားသော အခြေအနေများကိုပါ ကျွန်ုပ်တို့ ပိုင်ဆိုင်ထားကြသည်။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

## မတူခြားနားသော အခြေအနေများ

တမန်တော် ဝတ္ထုထဲက အဖြစ်အပျက် ရှိသမျှသည် ပထမရာစုနှစ် သမိုင်းကြောင်း အခြေအနေများ အတွင်းမှာ ဖြစ်ပျက်ခဲ့ကြသည်။ လုကာမှတ်တမ်းများ၏ ရှုထောင့် များစွာသည် အဆိုပါ သမိုင်းကြောင်းနှင့် ယဉ်ကျေးမှုဆိုင်ရာ အခြေအနေများအပေါ် တည်မှီနေသည်။ အကြောင်းမလှစွာပင် တမန်တော် ဝတ္ထုသွန်သင်ချက်များနှင့် ကိုက်ညီရေး အားထုတ်မှုတစ်ရပ်၌ အချို့သော ခရစ်ယာန်အုပ်စုတို့သည် ပထမရာစုနှစ် အသင်းတော် ယဉ်ကျေးမှု ဓလေ့များဆီ ပြန်သွားရန် ကြိုးစားခဲ့ကြသည်။ သာဓကအားဖြင့် တမန်တော် ၅း၄၂ တွင် အသင်းတော်သည် ကိုယ်ပိုင်အိမ်များတွင် စည်းဝေးကြောင်း ဖတ်ရသည်။ ဤအခြေခံအရ ယနေ့ အသင်းတော်သည် အသင်းတော် အဆောက်အဦတွင် မစုဝေးရဘဲ အိမ်များမှာသာ စုဝေးကြဖို့ ခရစ်ယာန် အချို့ဖွတ်တောင်းဆို သည်များလည်း ရှိခဲ့သည်။ ဟုတ်ပါသည်။ အိမ်များတွင် အသင်းတော် ယနေ့ကာလ စုဝေးခြင်းသည် ပင်ကိုယ်အားဖြင့် အမှားမဟုတ်ပါ။ သို့သော် ဤအလေ့သည် ပထမရာစုနှစ် အသင်းတော် အခြေအနေများအပေါ် တည်မှီဖြစ်ပေါ်ရကြောင်း ကျွန်ုပ်တို့ သိမှတ် ဝန်ခံရပါမည်။ ထိုအချိန်က ညှင်းဆဲနှိပ်ကွပ်မှု ရှိနေခြင်းကြောင့် အိမ်မှာ စုဝေးရန် အကြောင်းဖန်ခဲ့သည်။ သို့သော် ကမ္ဘာပေါ်တွင် ညှင်းဆဲ နှိပ်ကွပ်မှု နည်းပါးသော သို့မဟုတ် လုံးလုံး မရှိသောနေရာများ၌ အသင်းတော်သည် အိမ်မှာ စုဝေးဖို့ မလိုအပ်ပါ။

ကနဦးအသင်းတော် အခြေအနေများနှင့် ယနေ့ ကျွန်ုပ်တို့ အခြေအနေများ တူညီနေသရွေ့ သမ္မာကျမ်း စည်းမျဉ်းများကို လက်တွေ့အသုံးချရာ၌ ယင်းတို့ ဘောင်ဝင်နိုင်ပါသည်။ သို့သော် ကျွန်ုပ်တို့၏ အခြေအနေများ ကွဲပြားနေသရွေ့ အဆိုပါ တူညီသော သမ္မာစည်းမျဉ်းများကို မတူညီသော နည်းလမ်းများအရ သုံးရန် တာဝန်ရှိပါသည်။ အမှန်စင်စစ် တမန်တော် ဝတ္ထုကိုယ်၌မှာပင်လျှင် တူညီသော စည်းမျဉ်းကို မတူညီသောနည်းများအရ လက်တွေ့အသုံးပြုကြသည်ကို ကျွန်ုပ်တို့ တွေ့ရသည်။ သာဓကအားဖြင့် တမန်တော် ၂း၄၄ နှင့် ၄၅ တို့တွင် ယေရှုရှလင်ရှိ အသင်းတော် သင်းဝင်သူတို့သည် မိမိတို့ပိုင် ဥစ္စာပစ္စည်းများအား အများပိုင်အဖြစ် သဘောထားကြကြောင်း လုကာဖော်ပြခဲ့သည်။ သို့တစေ တမန်တော် ဝတ္ထုအတွင်းမှာပင်လျှင် တမန်တော် ပေါလု တည်ထောင်ခဲ့သော အသင်းတော်များစွာသည် ကြေးရတတ် နိုင်ငံသားများ သို့မဟုတ် မြို့အုပ်ချုပ်ရေး ခေါင်းကြီးပိုင်းများ၏ အိမ်များမှာ စည်းဝေးကြသော်ငြား ဘုံစနစ်ကျင့်သုံးမှု ဖော်ပြချက် မရှိသလို မည်သည့် ဓလေ့ကိုမျှလည်း မဝေဖန်ထားပေ။ တူညီသော သမ္မာကျမ်းစည်းမျဉ်းအား ဖြစ်တည်နေသည့် ပကတိအခြေအနေများနှင့် လိုက်ဖက်ညီလျော်သည့် ပုံစံများအရ အသုံးပြုရမည်ကို အသင်းတော်သည် အစပထမကပင် ဝန်ခံသိမှတ်ထားခဲ့ပြီး ဖြစ်သည်။ တာဝန်ခံမှုရှိစွာ လက်တွေ့ကျင့်သုံးမှုကို ရှောင်ပြီး မိတ္တူကူး တုပရုံမျှဖြင့် မည်သည့်အခါမျှ မကျေနပ်လိုက်သင့်ပါ။

တမန်တော်ဝတ္ထု၏ စာပေစရိုက်လက္ခဏာနှင့်တကွ လုကာတို့ ခေတ်နှင့် ကျွန်ုပ်တို့ကာလကြား ပြီးဆုံး ရပ်ဆိုင်းသွားမှုများအကြောင်း ဖော်ပြပြီးသည့်နောက် ပထမရာစုနှစ်နှင့် ယနေ့ခေတ်အကြား ထူးခြား အရေးပါသည့် အလျဉ်မပြတ် ဆက်လက်ဖြစ်ပေါ်မှု အချို့ဆီ လှည့်ကြပါမည်။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

# အလျဉ်မပြတ် ဆက်လက်ဖြစ်ပေါ်မှုများ

ခေတ်ကာလ နှစ်ခုလုံးရှိ ခရစ်ယာန်များအကြား အလျဉ်မပြတ် ဆက်လက်ဖြစ်ပေါ်မှုများအား အကျဉ်းချုပ်ဖော်ပြရမည် ဆိုပါက ခမည်းတော်၊ သားတော်၊ သန့်ရှင်းသော ဝိညာဉ်တော် ပုဂ္ဂိုလ်သုံးပါးအဖြစ် တည်တော်မူသော သုံးပါးတစ်လုံးတစ်ဝ ဘုရားတပါးတည်းကို ကိုးကွယ်ခြင်းမှာ တူညီကြသည်။ ခရစ်တော်၌ ဘုရားသခင့် နိုင်ငံတော်ကို တည်ဆောက်ရေး ရည်မှန်းချက် ပန်းတိုင် တူညီကြသလို ယုံကြည်ခြင်း၊ နောင်တရခြင်း၊ နာခံခြင်းတို့ဖြင့် တုန့်ပြန်ကြရမည့် သတင်းကောင်းမှာလည်း အတူတူပင် ဖြစ်သည်။ ပထမရာစုနှစ်တုန်းက ခရစ်ယာန်များကိုးကွယ်သည့် တူညီသော ဘုရားသခင်ကို ကျွန်ုပ်တို့ ကိုးကွယ်သည် ဆိုသည့် အချက်ကို ကြည့်ကြပါစို့။

## တူညီသော ဘုရားသခင်

တမန်တော်များနှင့် ကနဦးအသင်းတော် အစေခံခဲ့သော တူညီသည့် အရှင်သခင် ယေရှုခရစ်တော်ကိုပင် ကျွန်ုပ်တို့ အစေခံ၊ သက်သေခံကြောင်း ရှင်လုကာ၏ ကယ်တင်ခြင်း သမိုင်းကြောင်း မှတ်တမ်းက ကျွန်ုပ်တို့အား ပြန်သတိပေးထားသည်။ ပထမရာစုနှစ်တွင် အတူရှိတော်မူခဲ့သည့် တူညီသော သန့်ရှင်းသော ဝိညာဉ်တော်ဘုရားသည် ခရစ်ယာန်ရှိသမျှကို ကိုယ်စီကိုယ်င ခွန်အားပေးလျက်ရှိနေသည်။ ကျွန်ုပ်တို့ သက်ရှင် လုပ်ဆောင်သမျှသည်လည်း တူညီသော ခမည်းတော်၏ ဘုန်းတော်နှင့် ဂုဏ်အသရေအတွက်သာ ဖြစ်ကြသည်။ ကျွန်ုပ်တို့၏ သုံးပါး တစ်လုံးတစ်ဝ ဘုရားသခင်သည် ပြောင်းလဲခြင်း ရှိတော်မမူပါ။

ပထမရာစုနှစ်အတွင်းက ထူးခြားအရေးပါသောပုံစံများဖြင့် ဘုရားသခင် အမှုဆောင်တော် မူခဲ့သည်။ ယနေ့လည်း ကိုယ်တော် ဆက်လက် သာသနာပြုနေဆဲပင် ဖြစ်သည်။ ကျွန်ုပ်တို့၏ တစ်ကိုယ်ရည်ဘဝ၊ အသင်းတော် ဂိုဏ်းဂဏ ဘဝများနှင့် ကိုယ်တော် အလုပ်မ်းကွာဝေးနေပါလျှင် အရာရာသည် ဖြစ်သင့်၊ ရှိသင့်သည်အတိုင်း ဖြစ်လာ၊ ရှိလာရန် အကြောင်း မရှိပါ။ ဘုရားသခင်သည် ပျောက်ဆုံးနေသူတို့ကို ကယ်တင်ကာ အသင်းတော်ကို တည်ဆောက်ရင်း သက်ရှင် လှုပ်ရှားနေကြောင်း ကျွန်ုပ်တို့ မသိမြင်လျှင် ကျွန်ုပ်တို့ အသက်တာနှင့် အသင်းတော် အသက်တာတို့၌ ကယ်တင်ခြင်း သမိုင်းကြောင်း ဆိုင်ရာ ကျေးဇူးပြုမှုကို ဆက်လက်ပြုတော်မူပါမည့်အကြောင်း ကိုယ်တော်ထံ အသနားခံရင်း နောင်တနှင့် ယုံကြည်ခြင်းပါလျက် ဘုရားသခင်ထံ ပြန်လာကြရပါမည်။

## တူညီသော ရည်မှန်းချက်

ယနေ့ ခရစ်ယာန်တို့သည် တူညီသော ဘုရားသခင်ကို ကိုးကွယ်ရုံမက တမန်တော်ဝတ္ထုထဲက ကနဦးအသင်းတော် ထားရှိခဲ့သည့် တူညီသော ရည်မှန်းချက်ပန်းတိုင်မျိုးလည်း ရှိထားကြသည်။

တမန်တော် ဝတ္ထုထဲတွင် ဘုရားသခင် ထားရှိသော ရည်ရွယ်ချက်မှာ တမန်တော်တို့အားဖြင့် ခရစ်တော်၌ သူ့နိုင်ငံတော်ကို တည်ဆောက်ရန် ဖြစ်သည်။ သတင်းကောင်းအားဖြင့် အသင်းတော်ကို ပြုစုကျွေးမွေးရင်း၊ အသင်းတော်၏ အရွယ်အစား ကြီးမားလာအောင် လုပ်ဆောင်ရင်း ဤပန်းတိုင်ဆီ



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

သူတို့ဦးတည် လုပ်ဆောင် ခဲ့ကြသည်။ တစ်ချိန်တည်းမှာပင် ဘုရားသခင့် နိုင်ငံတော်ကို ကျယ်ပြန့်စေပြီး မြေတပြင်လုံး နိုင်ငံတော်နှင့် ပြည့်ဝစေရေးသည် လူတစ်ဒါဇင်ကျော် နှစ်အနည်းငယ် အားထုတ်ရုံဖြင့် မလုံလောက်ကြောင်း သူတို့သိခဲ့ကြသည်။ ထို့ကြောင့် သူတို့နံဘေးမှာ ယှဉ်တွဲလုပ်ဆောင်မည့် အသင်းတော်ကို သူတို့ ပြင်ဆင်ပေးခဲ့ပြီး သူတို့ ကွယ်လွန်သည့် နောက်ပိုင်း ခရီးဆက်စေခဲ့သည်။ နိုင်ငံတော် တည်ဆောက်ရေး တာဝန်အား တမန်တော်များထံ ယေရှု အပ်နှင်းခဲ့သည့် နည်းတူ တမန်တော်တို့ကလည်း ဤတာဝန်အား အသင်းတော်ထံ အပ်နှင်းခဲ့ကြောင်း ဆိုလိုက ဆိုနိုင်ပါသည်။

ဟုတ်ပါသည်။ ဘုန်းတော်၌ ခရစ်တော် မကြွလာမီ နိုင်ငံတော် တည်ဆောက်ရေး လုပ်ငန်း ပြီးစီးလိမ့်မည် မဟုတ်ပါ။ ထို့ကြောင့် ခရစ်တော်၌ ဘုရားသခင့် နိုင်ငံတော် တည်ဆောက်ရာတွင် ဘုရားပေးတာဝန်နှင့် ညီညွတ်ရေး၊ တလောကလုံး၊ အသက်တာ ရှိရှိသမျှကို ကိုယ်တော်၏ အုပ်စိုးမှုအောက် ဆောင်သွင်းရေးသည် ယနေ့ကာလ အသင်းတော်၏ ရည်မှန်းချက် ပန်းတိုင် အဖြစ် ရှိနေဆဲပင်ဖြစ်သည်။ ဤပန်းတိုင်ပြီးမြောက်ရေး ကျွန်ုပ်တို့ လုပ်ဆောင်သည့် အဓိကနည်းလမ်းတစ်ခုမှာ ကယ်တင်ခြင်း၊ ကျင့်ဝတ် စံနှုန်းများ၊ ဘုရားဝတ်၌ မွေ့လျော်သော စာရိတ္တနှင့် အချင်းချင်း ဆက်နွယ်မှုများ၊ ဧဝံဂေလိ သာသနာနှင့် အသက်တာ ဆိုင်ရာ အခြား ကိစ္စရပ်များနှင့် စပ်လျဉ်းပြီး တမန်တော်တို့၏ ဩဝါဒများ အပေါ် မှီခိုအားထားခြင်းပင် ဖြစ်သည်။ အဆုံးသတ်အားဖြင့် ခရစ်တော်ကို ကျွန်ုပ်တို့ ကြည်ညိုနာခံလိုပါလျှင် တမန်တော်တို့၏ အခွင့်အာဏာရှိသော သက်သေခံမှုကို အသင်းတော်က ဝန်ခံရမည် ဖြစ်သည်။

သာဓကအားဖြင့် ယဉ်ကျေးမှုနှင့် နောက်ခံအခြေအနေ အမျိုးမျိုးကို ကျော်ဖြတ်ကာ တမန်တော်တို့ နိုင်ငံတော် တိုးချဲ့ဖြန့်ကျက်ခဲ့ပုံကို ပုံစံအမျိုးမျိုးနှင့် မှတ်တမ်းတင်ရန် လုကာ အာရုံထားခဲ့သည်။ သူတို့၏ ပုံသက်သေကို လိုက်နာရင်း ကျွန်ုပ်တို့ ယနေ့ကာလမှာလည်း နိုင်ငံတော်၏ ရည်မှန်းချက်ပန်းတိုင်ကို အကျိုးပြု ထောက်ကူမည့် အလားတူ နည်းလမ်းများကို ကျွန်ုပ်တို့ သုံးနိုင်ပါသည်။ ဟုတ်ပါသည်။ ယနေ့ကာလနှင့် ရှေးပဝေသဏီတို့ကြား ပြီးဆုံးရပ်ဆိုင်းသွားမှုများအရ လိုအပ်သလို ကျွန်ုပ်တို့ ညှိနှိုင်းပြင်ဆင်မှု ပြုရပါမည်။ မိမိ ကိုယ်ပိုင် အစီအစဉ်နောက် ကျွန်ုပ်တို့ လိုက်ရန်ထက် ဘုရားသခင် ရှင်းရှင်းပြထားပြီးသည့် သာသနာ ရည်မှန်းချက်ကိုသာ ဝန်ခံဖို့ ကျွန်ုပ်တို့ ကြိုးစား အားထုတ်ရသည် ဖြစ်သောကြောင့် မည်သည့်မျိုးဆက်မှာမဆို နောက်ကွယ်ရှိ ရည်မှန်းချက် ပန်းတိုင်နှင့် စည်းမျဉ်းတို့မှာ အမြဲတစေ မပြောင်းမလဲ ရှိနေသည်သာ ဖြစ်သည်။

> တမန်တော်များကာလ ရည်မှန်းချက် ပန်းတိုင်သည် ယေရှုကို ယုံကြည်ချက်၏ ဗဟိုချက်မ ဖြစ်စေရေး ဖြစ်သည်။ ဤအချက်ကြောင့်ပင် အသင်းတော်မှာ တူညီသော ရည်မှန်းချက်ပန်းတိုင် ရှိနေဆဲဟု ကျွန်ုပ်ဆိုရခြင်း ဖြစ်ပါသည်။ ကျွန်ုပ်တို့သည် လူအပေါင်းတို့အား ခရစ်တော်၏ သမ္မာတရားကို ပြောသော သက်သေခံများ ဖြစ်ကြသည်။ အကြောင်းမှာ ကိုယ်တိုင်အပြစ်ကင်းသော်လည်း ကျွန်ုပ်တို့အတွက်ကြောင့် အပြစ်ရှိသောသူဖြစ်လာခဲ့သော ယေရှုကို သိကျွမ်းခြင်းသို့ လူအပေါင်းကို ပို့ဆောင်ပေးသည့် သတင်းကောင်း၏ သံတမန်များအဖြစ် ကျွန်ုပ်တို့ကို ခေါ်ထားသောကြောင့် ဖြစ်သည်။

**Bishop Peter Pharles Kissena**

## တူညီသော သတင်းကောင်း

အဆုံးသတ်အားဖြင့် တူညီသော ဘုရားကို ကိုးကွယ်ခြင်း၊ တူညီသော ရည်မှန်းချက်ပန်းတိုင် ရှိထားခြင်းတို့အပြင် တူညီသော သတင်းကောင်း ဆင့်ဆိုခြင်း အတွက် ပထမရာစုနှစ် အသင်းတော်မှာလို ယနေ့ကာလ ခရစ်ယာန်တို့အား ခေါ်ယူထားသည်။

လောကသည် မည်သို့ပင် ပြောင်းလဲနေပါစေ၊ မပြောင်းမလဲ တည်နေသောအရာ တစ်ခုတော့ ရှိနေသည်။ လူတို့သည် ဘုရားကို ဆန့်ကျင် ပုန်ကန်သည့်အပြစ်ထဲ၌ ကျရှုံးလျက်ရှိနေပြီး ဘုရားနှင့် ပြတ်စဲကင်းကွာလျက် ရှိကာ ရွေးနုတ်ခြင်းကို အသည်းအသန် လိုအပ်နေသည်။ ကျွန်ုပ်တို့ အားလုံး တူညီသော ကယ်တင်ခြင်းကို လိုအပ်ပါသည်။ ထိုကယ်တင်ခြင်းသည် ကျွန်ုပ်တို့အပြစ်များကို ခွင့်လွှတ်ပြီး ကျွန်ုပ်တို့အား နိုင်ငံတော်ထဲသို့ ခေါ်သွင်းတော်မူသော ခရစ်တော်၌ ရရှိနိုင်သည်။ ဤအရာသည် ပထမရာစုနှစ်က တမန်တော်များ သွန်သင်ခဲ့သည့် ဝမ်းမြောက်ဖွယ် သတင်းစကားပင် ဖြစ်သည်။ တမန်တော် ဝတ္ထုထဲ လုကာ ဆင့်ဆိုခဲ့သော ဝမ်းမြောက်ဖွယ် သတင်းစကားလည်း ဖြစ်သည်။ ထို့ပြင် ယနေ့ကာလ ကျွန်ုပ်တို့ လက်ခံကြိုဆိုပြီး ဝန်ခံရမည့် ဝမ်းမြောက်ဖွယ် သတင်းစကားလည်း ဖြစ်သည်။ တမန်တော် ၁၆း၃၁ တွင် ဖိလိပ္ပိ ထောင်မှူးအား ပေါလုနှင့် သိလတို့ ပြောခဲ့သည့် စကားမှာ

> သခင် ယေရှုခရစ်ကို ယုံကြည်လော့။ ယုံကြည်လျှင် သင်နှင့် သင်၏ အိမ်သူအိမ်သားတို့သည် ကယ်တင်ခြင်းသို့ ရောက်လိမ့်မည် ဟူ၍ ဖြစ်သည် (တမန် ၁၆း၃၁)။

ဤရိုးရှင်းသော သတင်းစကားတွင် ထူးခြား လေးနက်သော သွယ်ဝိုက်အနက်ပေးမှုများ ရှိနေသည်။ ၎င်းသည် ကျွန်ုပ်တို့ တစ်ဦးချင်းနှင့် အဖွဲ့အစည်း အသက်တာ မျက်နှာစာ ရှိသမျှကို လွှမ်းခြုံဝန်းရံထားပြီး ပုံသဏ္ဍာန်ပြောင်းလဲဖို့၊ လောကသို့ သတင်းကောင်း သက်သေခံသူများ ဖြစ်ဖို့ လှုံ့ဆော် တိုက်တွန်းလျက် ရှိနေပေသည်။

နေရာတိုင်း၊ အချိန်တိုင်းမှာ ရှိနေသော လူတိုင်းအတွက် သတင်းကောင်းသည် အစဉ်အမြဲ တသမတ်တည်း ရှိနေပါသည်။ ဘုရားသခင်ကို သူတို့ ဆန့်ကျင်ပုန်ကန်သည့် အပြစ်မှ နောင်တရပြီး ခရစ်တော်၌ ကိုးစားယုံကြည်လာဖို့ လူသားမှန်သမျှကို ခေါ်ယူထားသည်။ လူသားမှန်သမျှ ကိုယ်တော်၏ အရှင်သခင်ဖြစ်မှုကို ဝန်ခံပြီး သူ့နိုင်ငံတော်ကို တည်ဆောက်ကြရန် ဖြစ်သည်။ ဤဆင့်ခေါ်မှုသည် တမန်တော်များ ကာလမှစ၍ ကမ္ဘာတလွှား ဆင့်ဆိုခဲ့ပြီးသည့်နည်းတူ ယနေ့ကာလ လူသား တစ်ဦးချင်းစီသို့ သွားရောက်ရပါမည်။ နာခံရန် ဆင့်ခေါ်မှုများသည် ယုဒလူနှင့် တပါးအမျိုး၊ ဆင်းရဲ ချမ်းသာ၊ ယောက်ျား မိန်းမ၊ ဂုဏ်ရှိ ဂုဏ်နိမ့် မခွဲခြားဘဲ အားလုံးအတွက် ဖြစ်သည်။ ၎င်းသည် ဆန့်ကျင်မှု၊ တားဆီးမှု နည်းလမ်းမှန်သမျှကို ကျော်လွှားသည်။ အကြောင်းမှာ ၎င်းသည် စိုးစံလျက်ရှိနေသော ခရစ်တော်၏ သတင်းစကားဖြစ်ပြီး ကိုယ်တော်၏ သန့်ရှင်းသော ဝိညာဉ်တော် တန်ခိုးပေးမှုအရ ကိုယ်တော်၏ ခမည်းတော် ဘုန်းထင်ရှားရေးအတွက် ဖြစ်သောကြောင့်ပေတည်း။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

တမန်တော်ဝတ္ထုက သွန်သင်သည့်အတိုင်း မည်သည့် စုံစမ်းနှောင့်ယှက်မှု၊ အားပြိုင်လွန်ဆွဲမှု၊ ဆန့်ကျင်တားဆီးမှုကမျှ ရွေးနုတ်ခြင်း ကြီးပွားမှုနှင့် တိုးချဲ့ဖြန့်ကျက်မှုကို ဆန့်ကျင်နိုင်လောက်အောင် အစွမ်းတန်ခိုး မပြည့်စုံကြပါ။ ဤအကြောင်းကြောင့်ပင် ယနေ့ကာလ ခရစ်ယာန်တို့သည် လူသားတိုင်း နှောင်တ၍ ခရစ်တော်ထံ ယုံကြည်လာရန် ခေါ် ဖိတ်ရင်း၊ ဘုရားသခင့် နိုင်ငံတော်၏ သစ္စာရှိ နိုင်ငံသားများ အဖြစ် အတူတကွ မိတ်ဖွဲ့ရင်း၊ တမန်တော်တို့၏ ဝမ်းမြောက်ဖွယ် သတင်းစကားကို ဆင့်ဆို အတည်ပြုရာတွင် စစ်မှန် ရဲရင့်ကြရမည် ဖြစ်သည်။

# နိဂုံး

ဤသင်ခန်းစာထဲတွင် တမန်တော်ဝတ္ထုထဲ လုကာ သုံးခဲ့သော စာစီကုံးဖွဲ့နွဲ့ပုံ နည်းဗျူဟာ၊ သူ့စာစောင်၏ ပါဝင် အကြောင်းအရာ၊ သူ့သွန်သင်ချက်တို့ကို ယနေ့ကာလ လက်တွေ့ကျင့်သုံးနိုင်ရေး သင့်တင့်လျောက်ပတ်စွာ လုပ်ဆောင်ရမည့် ကနဦး အဆင့်များ စသည်တို့ကို ကျွန်ုပ်တို့ လေ့လာခဲ့ပြီး ဖြစ်ပါသည်။ အဆိုပါ အရေးအရာများအား ကျွန်ုပ်တို့ လေ့လာဖော်ထုတ်ခြင်းက ကိုယ်တော်၏ အခွင့်အာဏာရှိသော သွန်သင်ချက်များကို နားလည်၊ တန်ဖိုးထား၊ လက်တွေ့ ကျင့်ဆောင်နိုင်မည့် နည်းလမ်း တစ်ခုကို ယနေ့ကာလ ကျွန်ုပ်တို့အတွက် ပေးအပ်နိုင်ပါလိမ့်မည်။

အဘက်ဘက်မှ ကြည့်လျှင် တမန်တော် ဝတ္ထုသည် ခရစ်တော် အချိန်ကာလနှင့် ယနေ့ အသင်းတော်ကာလတို့ အကြား ပေါင်းကူး တံခါးပေါက်တစ်ခုအဖြစ် အသုံးခံနေသည်။ ခရစ်တော် မည်သူဖြစ်သည်၊ ဘာလုပ်သည်၊ ဘာသွန်သင်သည် ဆိုသည်တို့ကို ကနဦး အသင်းတော်က မည်သို့ နားလည်ခဲ့ပြီး မည်သို့ လက်တွေ့ အသုံးပြုခဲ့ကြောင်း ၎င်းက ရှင်းပြသည်။ ထို့ပြင် အဆိုပါ တူညီသော သဘော အယူအဆတို့ကို ယနေ့ခေတ် ခရစ်ယာန်တို့ မိမိတို့ တစ်ကိုယ်ရည် ဘဝများ၌ နားလည်၊ ကျင့်သုံးနိုင်ဖွယ် နည်းလမ်းများအတွက် အုတ်မြစ်ကိုလည်း ချပေးသည်။ ထို့ကြောင့် တမန်တော် ဝတ္ထုထဲက လုကာ၏ ရည်ရွယ်ချက်များနှင့် နည်းစနစ်များကို ကျွန်ုပ်တို့ လက်ခံ အသိအမှတ်ပြုလေ၊ ကျွန်ုပ်တို့၏ ထမြောက်သော ရှင်ဘုရင်ကို ကြည်ညို အစေခံသည့်ပုံစံများဖြင့် ရှင်သန်ရန် ကျွန်ုပ်တို့ ပြင်ဆင်ထားမှု ရှိလေ ဖြစ်ပါတော့သည်။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။